
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# သတ္တမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၂ |
| ၅ | နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ထားရှိကြသည့် နားမကြားကျောင်းများရှိ ကျောင်းသူ၊ ကျောင်းသားများနှင့် ကျောင်းသို့ရောက်ရှိမလာသော ကလေးသူငယ်များ၊ အရွယ်ရောက်ပြီးသူများ၏ ဘဝရှေ့ရေး လုံခြုံချောမွေ့စွာ ရပ်တည်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃ |
| ၆ | ဇန်းမောက်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနရုံးနှင့် စံပြမူကြိုကျောင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | နန်းယွန်းမြို့နယ်ရှိ တကား-လူလွန်းကြား (၅) ပေ Box Culvert ၂၀ စင်းတည်ဆောက်ခြင်း၊ တကား- လိန်နုတ်-တိုက်တီးလမ်းတွင် (၅)မိုင်ကျောက်ခင်းခြင်းနှင့် နန်ဖာ-တိုက်တီး-တကား-ရှင်ဗွေယန်ကြား မြေသားလမ်း(၁၀)မိုင်ဖောက်လုပ်ခြင်းတို့အား မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | ဆော့လော်မြို့နယ် နယ်စပ်မှ ခီဆီဒီကျေးရွာအထိ (၂၈)မိုင်အား မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | ဆီဆိုင်မြို့နယ်ရှိ တောင်ရှေ့ကျေးရွာအုပ်စု၊ နောင်ကျောကျေးရွာအုပ်စု၊ အရှေ့ခြမ်း ရွာပေါင်း ၄၁ ရွာ အဓိကအားထားသွားလာလျက်ရှိသည့် ပုံလောင်းရွာလမ်းခွဲမှ နောင်ထော်ကျေးရွာထိ ၁၁ မိုင် ၆ ဖာလုံလမ်းအား လမ်းဇရိယာပုခုံးချဲ့ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ စံကိုက်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၁၀ | ဆော့လော်-လန်ဆယ်လမ်းပေါ်ရှိ ၁၄၀ ပေ ၂ ထပ် သံပေါင်ဘေလီတံတား(မော်ဝေကျေးရွာနှင့် ထန်ဒန် ကျေးရွာကြားရှိ ထန်ဒန်တံတား) အား တည်ဆောက်ပြီးစီးခဲ့သည့်အချိန်မှ ၈ လကျော်ခန့်၌ ပျက်စီး ခဲ့သည့် | ၁၆ |

| | | |
|---|---|---|
| | အတွက် တံတားတည်ဆောက်ခဲ့သည့်ကုမ္ပဏီနှင့် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေ၊ တံတားအရည်အသွေးစစ်ဆေးခဲ့သည့်အဖွဲ့များအား နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာအရေးယူ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်၍မရနိုင်သည့် ပင်လယ် ကမ်းရိုးတန်း၊ ကျွန်းအခြေစိုက် ကျေးရွာများအတွက် ဆိပ်ခံတံတား၊ ရွာလယ်လမ်းတံတားများကို ဒေသနှင့်ကိုက်ညီသည့်ပုံစံဖြင့် ပထမဦးစားပေးစာရင်းထည့်သွင်း၍ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၂ | အသက်သုံးနှစ်မှငါးနှစ်အရွယ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းဆောင်ရည် ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရ ကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၆ |
| ၁၃ | ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၃၂ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း | ၃၂ |
| ၁၅ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၃၄ |
| ၁၆ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၈ |

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၉
သတ္တမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်
ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၃၁-၁-၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ထားရှိကြသည့် နားမကြားကျောင်းများရှိ ကျောင်းသူ၊ ကျောင်းသားများနှင့် ကျောင်းသို့ရောက်ရှိမလာသော ကလေးသူငယ်များ၊ အရွယ်ရောက်ပြီးသူများ၏ ဘဝရှေ့ရေးလုံခြုံချောမွေ့စွာ ရပ်တည်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်စိုး၊ ဗန်းမော် မဲဆန္ဒနယ်၏ **ဗန်းမော်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနရုံးနှင့် စံပြမူကြိုကျောင်း ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝမ်းလှ ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်ရှိ တကား– လူလွန်းကြား (၅) ပေ Box Culvert (၂၀) စင်း တည်ဆောက်ခြင်း၊ တကား–လိန်နုတ်–တိုက်တီးလမ်းတွင် (၅)မိုင် ကျောက်ခင်းခြင်း နှင့် နမ်ဖာ–တိုက်တီး–တကား–ရှင်ဗွေယန်ကြား မြေသားလမ်း (၁၀)မိုင် ဖောက်လုပ်ခြင်းတို့အား မည်သည့်အချိန်တွင် ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ဆော့လော်မြို့နယ် နယ်စပ်မှ ခီဆီဒီကျေးရွာအထိ (၂၈) မိုင်အား မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်ရှိ တောင်ရှေ့ ကျေးရွာအုပ်စု၊ နောင်ကျောကျေးရွာအုပ်စု၊ အရှေ့ခြမ်း ရွာပေါင်း (၄၁) ရွာ အဓိကအားထားသွားလာလျက်ရှိသည့် ပုံလောင်းရွာလမ်းခွဲမှ နောင်ထော်ကျေးရွာထိ (၁၁) မိုင် (၆) ဖာလုံလမ်းအား လမ်းဧရိယာ ပုခုံးချဲ့ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ စံကိုက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ **ဆော့လော်–လန်ဆယ် လမ်းပေါ်ရှိ (၁၄၀) ပေ (၂) ထပ် သံပေါင်ဘေလီတံတား (မော်ဝေ ကျေးရွာနှင့် ထန်ဒန်ကျေးရွာကြားရှိ ထန်ဒန်တံတား) အား တည်ဆောက် ပြီးစီးခဲ့သည့်အချိန်မှ (၈) လကျော်ခန့်၌ ပျက်စီး ခဲ့သည့်အတွက် တံတားတည်ဆောက်ခဲ့သည့် ကုမ္ပဏီနှင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေ၊ တံတားအရည်သွေး စစ်ဆေးခဲ့သည့်အဖွဲ့များအား နိုင်ငံတော် အစိုးရအနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၏ **တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်၍ မရနိုင်သည့် ပင်လယ်ကမ်းရိုးတန်း၊ ကျွန်းအခြေစိုက်ကျေးရွာများအတွက် ဆိပ်ခံတံတား၊ ရွာလယ်လမ်းတံတားများကို ဒေသနှင့်ကိုက်ညီသည့် ပုံစံဖြင့် ပထမဦးစားပေးစာရင်းထည့်သွင်း၍ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်က **"အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာ၊ဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက်သင့်လျော်သော ဘတ်ဂျက်ထည့်သွင်း ပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## သတ္တမနေ့မှတ်တမ်း

### ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
### (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)
### (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၁၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၃) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊

(၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်နှင့်

(၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့

ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ထားရှိကြသည့် နားမကြားကျောင်းများရှိ ကျောင်းသူ ကျောင်းသားများနှင့် ကျောင်းသို့ရောက်ရှိမလာသော ကလေးသူငယ်များ၊ အရွယ်ရောက်ပြီးသူများ၏ ဘဝရှေ့ရေး လုံခြုံ ချောမွေ့စွာ ရပ်တည်နိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စာလှယ်များနှင့် ဧည့်သည် တော်များအားလုံးမင်္ဂလာပါ။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းလိုတာကတော့ မွေးရာပါ ဆွံ့အနားမကြား နိုင်ငံသားများရဲ့ဘဝရှေ့ရေး လုံခြုံချောမွေ့စေရေးအတွက် နိုင်ငံတော်မှမည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းပဲ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံတော်ကို စတင်ထူထောင်ခဲ့ကြတဲ့ နိုင်ငံသူနိုင်ငံသားများဟာ အမြော်အမြင်ကြီးမားပြီး နူးညံ့သိမ်မွေ့ကြသူများ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း မွေးရာပါ မသန်စွမ်း ဦးရေဟာ တခြားနိုင်ငံသားများနှင့်နှိုင်းယှဉ်ရင် ရာခိုင်နှုန်းအားဖြင့် များနေသော်လည်း မိမိ ပတ်ဝန်းကျင်မှာ အတွေ့နည်းနေရတာ ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံသူ နိုင်ငံသားများရဲ့ လူ့အသိုင်းအဝိုင်း တစ်ခုလုံးအပေါ်ထားရှိတဲ့ တန်ဖိုးကိုဖော်ပြတာဖြစ်လို့ ဂုဏ်ယူရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတကာမှာဆိုရင် နားမကြားကလေးသူငယ်များ၊ တခြားကလေးသူငယ်များ နှင့်ဆက်သွယ်ပြောကြားနိုင်ရေး၊ ပညာဗဟုသုတရှာဖွေနိုင်ရေးနှင့် လွတ်လပ်စွာအသက်မွေးဝမ်းကျောင်း

နိုင်ရေးအတွက် ရည်ရွယ်ချက်များနှင့် လက်ဟန်ခြေဟန်နှင့်ပြောဆိုခြင်းကို ရာစုနှစ်အတော်ကြာ ကတည်းက တီထွင်ဖန်တီးပြီး ပညာသင်ကြားပေးခဲ့ကြပါတယ်။ အဲဒီထဲမှာမှ ကျွန်မတို့ မြန်မာစာကို လည်း သင်ကြားနေနိုင်ပြီဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ နားမကြားသောကလေးသူငယ်များအတွက် ပထမဦးဆုံးဖွင့်လှစ်သင်ကြားပေးခဲ့တာကတော့ ၁၉၂၀ ခုနှစ်က ရန်ကုန်မြို့ မယ်ရီချက်မင်းကျောင်း ဖြစ်ပါတယ်။ အခုဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရန်ကုန်မှာနှစ်ကျောင်း၊ မန္တလေးမှာတစ်ကျောင်း နှင့် ကျွန်မမဲဆန္ဒနယ်မြေဖြစ်တဲ့ ကလေးမြို့ မြို့ရွာနားမကြားအပါအဝင် ကျောင်းပေါင်းလေးကျောင်း ဖွင့်လှစ်ထားပါတယ်။ မြို့ရွာကျောင်းဟာဆိုလို့ရှိရင် ၂၀၀၅ ခုနှစ် ကျောင်းသားကျောင်းသူခြောက်ဦး၊ ဆရာမ နှစ်ဦးနှင့် မြေအကျယ်အဝန်း ၁၅၀ ပေပတ်လည်အကျယ်အဝန်းမှာ ကိုယ့်အားကိုယ်ကိုး စတင် ထူထောင်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင်ကျောင်းသားဦးရေ ၃၉ ဦး၊ ဆရာမရှစ်ဦးထိ ရှိလာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာအသင်းအဖွဲ့များ မှတ်ပုံတင်ဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှာခွင့်ပြုချက်အမှတ် ၈၇/A နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မအခုလို တင်ပြရတာဟာ အဖွဲ့အစည်းတစ်ခုခုကို ထင်ရှားပေါ်လွင်စေလိုတဲ့ ဆန္ဒမဟုတ်ပါဘူး။ နိုင်ငံသူ နိုင်ငံသားများရဲ့ တာဝန်ကျေပွန်မှုကို ပေါ်လွင်ထင်ရှားစေလိုတဲ့ စေတနာသက်သက်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများ၊ မသန်စွမ်းသူများကို အခုနှစ်ပိုင်းအတွင်းမှာ ပိုမိုထောက်ပံ့ပြီးစောင့်ရှောက်လာတာကို ကျွန်မတို့ မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ သို့သော်လည်း ဆွံ့အနားမကြားသူများအတွက်ကတော့ အားနည်း နေသေးတာကို ကျွန်မမဲဆန္ဒနယ်မြေရှိ ပရဟိတနားမကြားကျောင်းလေးကို ကြည့်ခြင်းအားဖြင့် သိနိုင် တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သူတို့တွေဟာ ဉာဏ်ရည်အမျိုးမျိုးရှိကြပါတယ်။ အချို့သူများဟာ အခြားသူများ ရဲ့ ရာနှုန်းပြည့်ကြည့်ရှုစောင့်ရှောက်မှုလိုအပ်သလို အချို့သူများကို စနစ်ကျတဲ့ထောက်ပံ့ကူညီမှု အချို့ကိုသာပေးနိုင်ခဲ့မယ်ဆိုရင် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်စွမ်းရှိကြမယ်ဆိုတာ လေ့လာ တွေ့ရှိရပါတယ်။ လွတ်လပ်စွာရပ်တည်နိုင်ကြောင်း ပြသနိုင်ခဲ့မယ်ဆိုရင် စိတ်အားတက်ကြွလာပြီး နိုင်ငံတော်ကိုလည်း တစ်တပ်တစ်အား ပါဝင်တည်ဆောက်လာနိုင်မှာဖြစ်သလို ပျော်ရွှင်ဖွယ် ကောင်းတဲ့ မိသားစုဘဝကိုလည်း တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုတာကတော့ နိုင်ငံတစ်ဝန်းလုံးမှာ ဖွင့်လှစ်ထားရှိတဲ့ နားမကြားကျောင်းများ ကျောင်းသူကျောင်းသားများနှင့် ကျောင်းသို့ရောက်ရှိမလာသော ကလေး သူငယ်များ၊ အရွယ်ရောက်သူများ ဘဝရှေ့ရေးလုံခြုံချောမွေ့စွာ ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်မှ မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုပါသဖြင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူး တင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ထားရှိကြသည့် နားမကြားကျောင်းများရှိ ကျောင်းသူကျောင်းသားများနှင့် ကျောင်းသို့ ရောက်ရှိမလာသော ကလေးသူငယ်များ၊ အရွယ်ရောက်ပြီးသူများရဲ့ ဘဝရှေ့ရေးလုံခြုံချောမွေ့စွာ ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်မှ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ ယခင်က ဦးစီးဌာနနှစ်ခုဖြင့် ဖွဲ့စည်းထားရှိရာမှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ပြန်လည်ထူထောင်ရေးဦးစီးဌာန အသစ်တစ်ခုကို မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ၊ လူကုန်ကူးခံရသူများ၊ စွန့်ပစ်ကလေးများ၊ လမ်းပေါ်နေကလေးများ၊ အမျိုးသမီးများ၊ တိုက်ပွဲရှောင်ပြည်သူများ၊ ရွှေ့ပြောင်းလုပ်သားများရဲ့မိသားစုများစတဲ့ လူမှုဒုက္ခခံစားနေရသူတွေအတွက် ပြန်လည်ထူထောင်ပေးခြင်းဖြင့် သူတို့ရဲ့ပိုမိုကောင်းမွန်တဲ့ လူနေမှုဘဝရရှိရန် မူဝါဒများဖြင့် အသစ်တိုးချဲ့၍ ဖွဲ့စည်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန်နှင့် ရှင်းလင်းစွာတင်ပြနိုင်ရေးအတွက် အချိန်နှစ်မိနစ်ခန့် ထပ်ဆောင်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ နိုင်ငံတော်အနေနဲ့ မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သလို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ မသန်စွမ်းသူများရဲ့ အခွင့်အရေး နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေပုဒ်မ ၄ အရ မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဒုတိယသမ္မတ-၂ ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သက်ဆိုင်ရာဝန်ကြီးများအပြင် မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဥက္ကဋ္ဌကို ဒုတိယဥက္ကဋ္ဌနေရာ၌လည်းကောင်း၊ အတွင်းရေးမှူးကို တွဲဖက်အတွင်းရေးမှူးအနေဖြင့်လည်းကောင်း၊ နောက်အရပ်ဘက်အဖွဲ့အစည်းလေးခုမှရရှိတဲ့ မသန်စွမ်းအမျိုးအစားအလိုက် ကိုယ်စားလှယ်ကိုးဦးကို ထည့်သွင်းဖွဲ့စည်းထားရှိပါတယ်။ အမျိုးသားကော်မတီကို အထောက်အကူပြုဖြစ်စေရန်အတွက် လုပ်ငန်းကော်မတီနဲ့ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများမှာ ဖွဲ့စည်းထားရှိတဲ့အပြင် ဆပ်ကော်မတီရှစ်ခုကိုလည်း ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားကော်မတီရဲ့ ၂/၂၀၁၈ အစည်းအဝေးက ဆုံးဖြတ်ချက် ၁၇ ချက်ချမှတ်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားကော်မတီအနေနဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့

ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြပါတယ်။ ဥပဒေထဲမှာ မသန်စွမ်းသူများရဲ့ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်၊ ပညာသင်ယူပိုင်ခွင့်များ ပြဋ္ဌာန်းထားတဲ့အခါမှာ ပညာသင်ကြားရာတွင် သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းများရရှိရေး၊ ကျောင်းဝင်ခွင့်ရရှိရေး အထူးပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် အသက်မွေးကျောင်းအစီအစဉ်များကို ဆောင်ရွက်ပေးရမယ်လို့ ပြဋ္ဌာန်းပေးထားပါတယ်။ ဥပဒေအခန်း ၁၁ အရ နည်းဥပဒေများတွင်လည်း မသန်စွမ်းမှုအဆင့် ခွဲခြားသတ်မှတ်တဲ့ပုံစံများကို သတ်မှတ်ထားရှိပြီးဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရနှင့် အခြားအဖွဲ့အစည်းများမှ ထောက်ပံ့မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်စတဲ့အကျိုးကျေးဇူးတို့ကို အဆင့်သတ်မှတ်ချက်နှင့်အညီ ရရှိခံစားနိုင်စေရန် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ရေးစနစ် ပေါ်ထွက်လာစေရေး ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံတော်ဘဏ္ဍာငွေခွဲဝေ ရရှိထားပြီးဖြစ်ပါတယ်။ ကနဦးစီမံကိန်းများကို မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ အကောင်အထည်ဖော်ရန် စတင်စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစနစ်ဆောင်ရွက်စဉ်ကာလအတွင်းမှာပဲ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ယခုဘဏ္ဍာရေးနှစ် ဇန်နဝါရီလထိ မသန်စွမ်းသူ ၅၆၁၉၇ ဦးအတွက် ထောက်ပံ့ငွေကျပ်သန်း ၂၃၁၆.၇၁၅ ကို ထောက်ပံ့ပေးနိုင်ခဲ့ပြီး အများပြည်သူဆိုင်ရာနေရာများသို့ မသန်စွမ်းသူများ အလွယ်တကူ သွားလာနေနိုင်စရာ အတားအဆီးကင်းသောပတ်ဝန်းကျင် ဖန်တီးဖော်ဆောင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ထိရောက်စွာဆောင်ရွက်နိုင်ရေး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာ မသန်စွမ်းသူများအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားရှိတဲ့ မသန်စွမ်းကျောင်း ရှစ်ကျောင်းနဲ့ ဦးစီးဌာနတည်ထောင်ခွင့်ပြုမိန့်ရရှိပြီး ထောက်ပံ့ကြေးပေးလျက်ရှိတဲ့ မသန်စွမ်းဂေဟာ ၁၂ ခုရှိပါတယ်။ ဦးစီးဌာနမှ ဖွင့်လှစ်ထားတဲ့မသန်စွမ်းကျောင်းများမှာ စာပေပညာ၊ အသက်မွေးဝမ်း ကျောင်းပညာရပ်များအား လေ့ကျင့်သင်ကြားပေးလျက်ရှိရာမှာ နားမကြားသော ကလေးများကျောင်း မန္တလေးနှင့် ရန်ကုန်တို့မှာ အသက်ခြောက်နှစ်မှ ၁၈ နှစ်အတွင်းရှိ အကြားအာရုံချို့ယွင်းသူများကို လက်ခံစောင့်ရှောက်ပေးလျက်ရှိပါတယ်။ အဲ့ကျောင်းနှစ်ကျောင်းမှာ ဌာနပိုင်အဆောင်တွေ၊ နေ့တက်ကျောင်းသူကျောင်းသားပေါင်း ၃၂၆ ဦးရှိရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းသားကျောင်းသူ ၃၁၀ ဦးတို့အား ပညာသင်ကြားပေးလျက်ရှိပြီး ၁၆ ဦးကိုတော့ ကျောင်းပညာနှင့်အသက်မွေးဝမ်း ကျောင်းပညာများကို တွဲပြီးတော့မှ သင်ကြားပေးလျက်ရှိပါတယ်။ နားမကြားကျောင်းများမှာ စားဖိုမှူး၊ စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ရေဆေးဆီလိုက်စတဲ့ သင်တန်းများကိုဖွင့်လှစ်သင်ကြားပေးပြီး အလုပ်အကိုင်ရရှိရေးချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာမှာ နားမကြားသူ ၇၂ ဦးအား ဝင်ငွေရလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါတယ်။ ယခုလိုဆောင်ရွက်လျက်ရှိသော်လည်းတစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မှုမရှိသေးတဲ့အတွက် နားမကြားကျောင်းများသို့ အကြောင်းအမျိုးမျိုးကြောင့်တက်ရောက်နိုင်ခြင်းမရှိသူများနှင့် မသန်စွမ်းသူများရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းဥပဒေများအရ အစိုးရဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အလုပ်ရှင်များမှ အလုပ်သမားခန့်ထားရာတွင် ဝေပုံကျနှုန်းထားအတိုင်း ခန့်ထားနိုင်ရန် ကြိုးကြပ်ခြင်း၊ ဝေပုံကျနှုန်းထားအတိုင်း ခန့်ထားခြင်းမပြုနိုင်ပါက သတ်မှတ်ငွေပမာဏကို မသန်စွမ်းသူများရဲ့ အခွင့်အရေးဆိုင်ရာရန်ပုံငွေသို့ ထည့်သွင်း

**မူကြမ်း**

ပေးရမည်ကို အသိပေးခြင်း၊ မသန်စွမ်းသူများအား အလုပ်ခန့်ထားပေးသည့်ကုမ္ပဏီများကို အခွန်လျှော့ပေါ့ထမ်းဆောင်စေခြင်း၊ အလုပ်အကိုင်ခန့်ထားရေးနှင့်ပတ်သက်၍ ဥပဒေပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JIKA ရဲ့ ငွေကြေးနှင့်နည်းပညာပံ့ပိုးမှုနှင့် မြန်မာနိုင်ငံမှာရှိတဲ့ အကြားအမြင်ချို့ယွင်းမသန်စွမ်းသူများအတွက် ၂၀၁၀ ခုနှစ်မှာ လက်သင်္ကေတပြစကားပြောစာအုပ်ထုတ်ဝေပြီး တိုင်းဒေသကြီး/ပြည်နယ်များမှာ အသိပညာပေးသင်တန်းများပေးခြင်း၊ ဆင့်ပွားသင်တန်းများဖွင့်လှစ်၍ စေတနာ့ဝန်ထမ်းများကို မွေးထုတ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ တစ်နိုင်ငံလုံးမှာ နားမကြားသူ ၆၇၃၁၂၆ ဦး လူဦးရေရဲ့ ၁.၃ ရာခိုင်နှုန်းရှိရာ နားမကြားသူအရေအတွက် အနည်းအများပေါ်မှာမူတည်ပြီးတော့မှ လိုအပ်ချက်အလိုက် တိုင်းဒေသကြီး/ပြည်နယ်များမှာ နားမကြားကျောင်းများတိုးချဲ့ဖွင့်လှစ်နိုင်ရေးလျာထားလျက်ရှိပါတယ်။ မြန်မာနိုင်ငံမသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ၂၀၁၆-၂၀၂၅ ခုနှစ်ကိုလည်း ဦးတည်ကဏ္ဍခုနှစ်ရပ်နဲ့ရေးဆွဲထားပြီး ၎င်းမဟာဗျူဟာအား နှစ်အလိုက်လုပ်ငန်းစီမံချက်များ ရေးဆွဲပြီးအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနှင့်စပ်လျဉ်း၍ အကြားအာရုံချို့ယွင်းနေသူများအပါအဝင် မသန်စွမ်းကျောင်းသူကျောင်းသားများနှင့် ကျောင်းသို့ရောက်ရှိမလာတဲ့ကလေးသူငယ်များ အရွယ်ရောက်ပြီးသူများရဲ့ ဘဝရှေ့ရေးလုံခြုံချောမွေ့စွာရပ်တည်နိုင်ရေး၊ ပညာသင်ကြားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေးတို့အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီစဉ်ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လာမယ့် ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မသန်စွမ်းသူများရဲ့အခွင့်အရေး ဥပဒေပါလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ရန်ပုံငွေတစ်ရပ်ထူထောင်နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဗန်းမောက်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနရုံးနှင့် စံပြမူကြိုကျောင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဗန်းမောက်မြို့နယ်မှာ လူမှုဝန်ထမ်းဦးစီးဌာနရုံးနှင့် စံပြမူကြိုကျောင်းဖွင့်လှစ်နိုင်ရေးအတွက် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ဂတူး၊ ဂနန်း၊ ရှမ်းနီစတဲ့ လူမျိုးများနေထိုင်ကြပါတယ်။ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၄၇ အုပ်စု၊ ကျေးရွာပေါင်း ၂၂၂ ရွာရှိပြီးမှ အခြေခံပညာစာသင်ကျောင်းပေါင်း ၁၉၇ ကျောင်းရှိပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ် UNICEF အကူအညီနဲ့ မူကြိုကျောင်း ၁၄ ကျောင်း စတင်

ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ မူကြိုကျောင်း ၄၃ ကျောင်းနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မူကြိုကျောင်း ၇၈ ကျောင်းဖွင့်လှစ်ခဲ့ရာ ၁၃၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ကျောင်း ၁၄ ကျောင်းအတွက် တစ်ကျောင်းလျှင် UNICEF ပံ့ပိုးမှု အဆောက်အဦအတွက် ခုနစ်သိန်း လစာအတွက် မတည်ငွေငါးသိန်း ထောက်ပံ့ရရှိခဲ့ပါတယ်။ ကျန်ကျောင်းများကို ကျေးရွာများမှ ဆရာ ဆရာမငှားရမ်းခ ကျောင်း၏စီမံခန့်ခွဲမှုစရိတ်များ တာဝန်ယူခဲ့ရပါတယ်။ နောင်နှစ်နှစ်ကြာလျှင် ဆရာ ဆရာမများကို အစိုးရမှခန့်ပေးပါမည်။ UNICEF မှပေးသောသင်တန်းကို စေတနာဖြင့်သင်ကြားပေး နိုင်တဲ့လူငယ်များ သင်တန်းတက်ရောက်ပါက Certificate ထုတ်ပေးပါမည်။ နောင်တွင် အလုပ်ခန့် ထားပေးပါမည်ဟု ကတိကြောင့် ယနေ့အထိ စေတနာ့ဝန်ထမ်းသင်ကြားပြသပေးနေတဲ့ ဆရာဆရာမ များစွာရှိနေပါတယ်။ အဲဒီဆရာဆရာမများကိုလည်း မူကြိုကျောင်းများမှာ တရားဝင်အလုပ်ခန့်ထား ပေးနိုင်ရေး ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မူကြိုကျောင်းခြောက်ကျောင်း ဆရာငှားရမ်းခ မတတ်နိုင်တော့သဖြင့် ဆက်လက်မရပ်တည်နိုင်တော့ဘဲ ပိတ်သိမ်းခဲ့ပါတယ်။ ၁၂၉ ကျောင်းဟာ ဆက်လက်ဖွင့်လှစ်လျက်ရှိပါတယ်။ ယင်းပိတ်သိမ်းခြောက်ကျောင်းနဲ့ ဆက်လက်ရပ်တည် ၁၂၉ ကျောင်းအား နိုင်ငံတော်မှ မည်သည့်စီစဉ်ဆောင်ရွက်ပေးမည်ကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပိတ်သိမ်းခြောက်ကျောင်းအား မိခင်ဝိုင်းအဖြစ် ဖွဲ့စည်းပေးပါမည်။ ဆက်လက်ရပ်တည် ၁၂၉ ကျောင်းအား လူမှုဝန်ထမ်းဦးစီးဌာနက အပ်နှံလိုပါက ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးဖွံ့ဖြိုးရေးဆိုင်ရာဥပဒေနှင့်အညီ တည်ထောင် ခွင့်လျှောက်ထားနိုင်ပြီး တည်ထောင်ခွင့်ပြုမိန့်ရရှိသောကျောင်းများအား အချက်(၁၁)ချက်နဲ့အတူ လွှဲပြောင်းအပ်နှံလက်ခံလျက်ရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။ ပိတ်သိမ်းမူကြိုကျောင်းခြောက်ကျောင်း အား မိခင်ဝိုင်းခြောက်ဝိုင်းထူထောင်ပေးခဲ့သဖြင့် ဒေသခံပြည်သူများက အထူးကျေးဇူးတင်လျက် ရှိပါတယ်။ ရပ်တည်နေသော ၁၂၉ ကျောင်းအား အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်ထား သော်လည်း ပညာရေးဝန်ကြီးဌာနမှ ဆရာဆရာမများခန့်ထားပေးခြင်းမရှိသလို လူမှုဝန်ထမ်းဦးစီးဌာန သို့ အပ်နှံရန်အချက်(၁၁)ချက်တွင် ကျောင်းအဆောက်အဦ၊ မြေနေရာလွှဲပြောင်းမှုစာရင်း၊ ကျောင်း အဆောက်အဦပုံစံ၊ Slide Plan မြေပိုင်ဆိုင်မှုအထောက်အထား၊ ပုံစံ (၁၀၅)၊(၁၀၆)စသည်များကို ပညာရေးဌာနပိုင်ဆိုင်တဲ့မြေနေရာမှာ တည်ဆောက်ခဲ့သဖြင့် လွှဲပြောင်းရန်အခက်အခဲများစွာ ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ် လူထုဗဟိုပြုစီမံကိန်းတွင် ဆောင်ရွက်နေတဲ့ မူကြိုကျောင်းများ တည်ဆောက်ရာမှာ မူကြိုကျောင်းပိုင်မြေနေရာစီမံ၍ သီးခြားဆောက်လုပ်ကာ လူမှုဝန်ထမ်းဦးစီးဌာန သို့ လွှဲပြောင်းအပ်နှံရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနမှ လက်ခံဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ ဗန်းမောက်မြို့နယ်မှာ လူမှုဝန်ထမ်းဦးစီးဌာနရုံး ဖွင့်လှစ်ပေး ရန် မြေနေရာများကိုလည်း စီစဉ်ဆောင်ရွက်ထားပြီးတော့ အထောက်အထားများဖြင့် တင်ပြထားပြီး ဖြစ်ပါတယ်။ ဖွင့်လှစ်ပေးပါက မူကြိုကျောင်းအတွက် မှတ်ပုံတင်ခြင်း၊ ခွင့်ပြုမိန့်များထုတ်ပေးခြင်း၊ ထောက်ပံ့ကြေးပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် နည်းပညာအကူအညီ

အထောက်အပံ့များ ကူညီဆောင်ရွက်နိုင်ပြီးမှ စံပြမူကြိုကျောင်းဖွင့်လှစ်ပေးခြင်းဖြင့် စနစ်ကျသော သင်ကြားမှုနည်းများ လက်တွေ့သင်ကြားပြသနိုင်မှာဖြစ်တဲ့အတွက် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီး မှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြနိုင်ရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒီကတော့ အခြေခံပညာကျောင်းများမှာ ဖွင့်လှစ်ထားတဲ့ မူကြိုကျောင်းများဖြစ်ပါတယ်။ ၁၂၉ ကျောင်းရှိပြီးတော့မှ ကျောင်းသားဦးရေဟာ ၃၄၆၉ ဦးရှိပြီးတော့ ဆရာဆရာမက ၂၃၈ ဦးရှိပါတယ်။ ဒါက ပုဂ္ဂလိကမူကြိုကျောင်းသုံးကျောင်းရဲ့ စာရင်းပါ။ ဒါကတော့ မူကြိုကျောင်းတွေဟာ အခြေခံပညာကျောင်းများကနေ တွဲဖက်ပြီးဖွင့်လှစ်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ မူကြိုကျောင်းတွေမှာ ကျောင်းခန်းရဲ့ပုံဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်း ရာမှာ ပါဝင်ရမယ့်အချက်(၁၁)ချက်ဖြစ်ပါတယ်။ ဒါမေးမြန်းလိုတဲ့မေးခွန်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာသူများခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်မှ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ဆက်လက်ထားရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၏ ဗန်းမောက်မြို့တွင် လူမှုဝန်ထမ်း ဦးစီးဌာနရုံးနှင့် စံပြမူကြိုကျောင်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်၊ မရှိက အဘယ့်ကြောင့်ဆိုသည့် မေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်တော့်အနေနဲ့ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်တစ်မြို့နယ် မှာ အနည်းဆုံးစံပြမူလတန်းကြိုကျောင်း ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိသော်လည်း နှစ်စဉ် ဘဏ္ဍာငွေရရှိမှုအပေါ်မှာမူတည်ဆောင်ရွက်ရ၍ အရေအတွက်အားဖြင့် များစွာတိုးချဲ့နိုင်ခြင်းမရှိသေး ပါ။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာစေရေး ကူညီဆောင်ရွက်ပေးနိုင်ရန်နဲ့ လူမှုဝန်ထမ်းလုပ်ငန်းရပ်များကို ပြည်သူများနဲ့နီးကပ်စွာ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ ခရိုင်အားလုံးတွင် လူမှုဝန်ထမ်းရုံးတစ်ရုံး၊ မြို့နယ်အားလုံးတွင် မြို့နယ်လူမှုဝန်ထမ်းရုံး တစ်ရုံးနဲ့ မြို့နယ်စံပြမူလတန်းကြိုကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ တစ်နှစ်လျှင် ကျောင်း ၃၀ နှုန်းဖြင့် လည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ တစ်နှစ်ကို ၂၇ ကျောင်းနှုန်းဖြင့်လည်းကောင်း ကိုးနှစ်စီမံကိန်းချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက် တဲ့နေရာမှာလည်း ဘဏ္ဍာငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့မှ ကဏ္ဍအလိုက် ဆောင်ရွက်ရတဲ့အခါမှာ

၂၀၁၈-၂၀၁၉ ခုနှစ်မှာဆိုလို့ရှိရင် မူကြိုကျောင်း ၁၀ ကျောင်းပဲ ရရှိတဲ့အနေအထားမျိုး ဖြစ်ပါတယ်။ အဆိုပါစီမံကိန်းအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်အတွက် မြို့နယ်လူမှုဝန်ထမ်းရုံး တစ်ရုံးနဲ့ မြို့နယ်စံပြမူလတန်းကြိုကျောင်းတစ်ကျောင်း ဆောက်လုပ်ဖွင့်လှစ်မှာဖြစ်တဲ့အတွက် မြို့နယ်လူမှုဝန်ထမ်းရုံးဆောက်လုပ်ရန် မြေအကျယ်အဝန်း ပေ ၁၀၀ ပတ်လည်နဲ့ မြို့နယ်စံပြမူလတန်းကြိုကျောင်း ဆောက်လုပ်ရန် မြေအကျယ်အဝန်း ၂၀၀ ပတ်လည်လိုအပ်ပါတယ်။ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်ရုံးများဖွင့်လှစ်နိုင်ရန် လိုအပ်သောမြေနေရာများရရှိရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးကနေပြီးတော့မှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ စာအမှတ်၊ ၃-၁(၁၉၅)၂၃၃၃ ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ ညှိနှိုင်းဆောင်ရွက်ထားရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့နယ်နဲ့ ရွှေဘိုမြို့နယ်တို့မှာ ကလေး ၂၅၀ ဆံ့ မူကြိုကျောင်းတစ်ကျောင်းစီ၊ စစ်ကိုင်းမြို့နယ်မှာ ကလေး ၁၅၀ ဆံ့ မူကြိုကျောင်းတစ်ကျောင်း၊ ဖောင်းပြင်မြို့နယ်၊ ချောင်းဦးမြို့နယ်၊ ကလေးမြို့နယ်၊ အင်းတော်မြို့နယ်၊ လဟယ်မြို့နယ်တို့မှာ ကလေး ၁၀၀ ဆံ့ မူကြိုကျောင်းတစ်ကျောင်းစီနဲ့ ဆားလင်းကြီးမြို့နယ်မှာ ကလေး ၁၀၀ ဆံ့ မူကြိုကျောင်းနှစ်ကျောင်းကို စုစုပေါင်း မူကြိုကျောင်း ၁၀ ကျောင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်မှာ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်လူမှုဝန်ထမ်းရုံးနဲ့ မြို့နယ်စံပြမူလတန်းကြိုကျောင်းအတွက် မြေနေရာရရှိရေးစီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဇန်နဝါရီလ ၁၀ ရက်နေ့က ထပ်မံညှိနှိုင်းထားရှိပြီးဖြစ်ပါတယ်။ မြေနေရာအလွန်အမင်းအခက်အခဲရှိတဲ့ မြို့နယ်များဆိုလို့ရှိရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဘတ်ဂျက်ရန်ပုံငွေနဲ့ဝယ်ယူပြီး မူကြိုကျောင်းများ ဆောက်လုပ်ပေးလျက်ရှိနေပါတယ်။ ဗန်းမောက်မြို့နယ်အတွက်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဆီကနေပြီးတော့မှ မြေနေရာရရှိမယ်ဆိုလို့ရှိရင် အနီးဆုံးဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှာ မြို့နယ်လူမှုဝန်ထမ်းရုံးနဲ့ မြို့နယ်စံပြမူလတန်းကြိုကျောင်း ဆောက်လုပ်နိုင်ဖို့အတွက်ကို ထည့်သွင်းတောင်းခံပြီး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**နန်းယွန်းမြို့နယ်ရှိ တကား-လူလွန်းကြား (၅) ပေ Box Culvert ၂၀ စင်းတည်ဆောက်ခြင်း၊ တကား-လိန်နုတ်-တိုက်တီးလမ်းတွင် (၅)မိုင်ကျောက်ခင်းခြင်းနှင့် နန်ဖာ-တိုက်တီး-တကား-ရှင်ဗွေယန်ကြား မြေသားလမ်း(၁၀)မိုင်ဖောက်လုပ်ခြင်းတို့အား မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်အတွင်းမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

ပေးမယ့်အစီအစဉ်များနှင့် စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမယ့် နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ အခု ကျွန်တော်မေးမြန်းမယ့် ဒေသအပိုင်းမှာ ကျေးရွာအုပ်စုလေးစု၊ ကျေးရွာခုနစ်ရွာရှိပြီးတော့ လူဦးရေ ၇၀၀၀ ကျော်နေထိုင်လျက်ရှိကြပါတယ်။ မြို့နယ်ကနေ ၃၆ မိုင်အကွာအဝေးကို ကုန်းကြောင်းခရီးနဲ့သွားရပြီး မိုင် ၄၀ လောက် အကွာအဝေးကို ရေကြောင်းခရီးနဲ့ဆက်ပြီး ခက်ခက်ခဲခဲသွားလာကြရပါတယ်။ မြို့နယ်အုပ်ချုပ်မှုနဲ့ လက်လှမ်းမမီတဲ့ ကျေးလက်ဒေသကပိုင်းဖြစ်ပြီးတော့ ရွာတွေမှာ လူမှုရေးပြဿနာအခက်အခဲတွေရှိလာတဲ့အခါ အချိန်နှင့်တစ်ပြေးညီ သတင်းဆက်သွယ်လို့မရသလို အချိန်မီကူညီကယ်ဆယ်မှုတွေ ဆောင်ရွက်မှုမပေးနိုင်တဲ့အတွက် ဒေသခံပြည်သူတွေဟာ လူ့အခွင့်အရေးတွေအများကြီး ဆုံးရှုံးနစ်နာနေကြရပါတယ်။ နောက်ပြီးတော့ ဒေသခံပြည်သူများဟာ ဆန်နှင့်စက်သုံးဆီတွေ၊ အခြားစားသောက်ကုန်တွေ အားလုံးကို မြစ်ကြီးနားမြို့၊ တနိုင်းမြို့ကနေဝယ်ယူပြီး ကုန်းလမ်းခရီးမရှိတဲ့အတွက် ရေကြောင်းလမ်းအတိုင်းပဲ ခက်ခက်ခဲခဲသယ်ယူအသုံးပြုကြရတာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် မြို့နယ်နှင့်အလွယ်တကူချိတ်ဆက်လို့ရနိုင်တဲ့ ကုန်းကြောင်းမြေသားလမ်းကို အထူးသဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ပေးပြီး ပြည်သူလူထုတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးဖို့တင်ပြခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ခုနှစ် ပြည်ထောင်စုဘတ်ဂျက်မှာ နန်ဖာ-တိုက်တီး-တကား-ရှင်ဗွေယန်မြေသားလမ်း ၁၀ မိုင်၊ တကား- လူလွန်းကြားမြေသားလမ်း ၁၀ မိုင်အနက် ငါးမိုင်မြေသားလမ်းပေါ်မှာ ၅ ပေ Box Culvert (၂၀)စင်း၊ တကား- လိန်နုတ်-တိုက်တီးလမ်းမှာ ၅ မိုင်ကျောက်ခင်းခြင်း ချထားပေးခဲ့ပေမဲ့ ကချင်ပြည်နယ်အတွင်း စစ်မတ်ဖြစ်ပွားမှုကြောင့် လုံခြုံရေးအရဆိုပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ရပ်သိမ်းပေးခဲ့ပါတယ်။ ဒီကိစ္စနဲ့လုပ်ငန်းများပြန်လည်ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး လွှတ်တော်ရောက်လာချိန် တွေ့ဆုံပြီး တင်ပြမေးမြန်းခဲ့တဲ့အခါမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်သွားတာနဲ့ ချက်ချင်းပြန်လည်ဆောင်ရွက်ပေးမယ်လို့ ကတိပေးပြောခဲ့တာလည်း ရှိပါတယ်။ အခုချိန်မှာတော့ ပစ်ခတ်တိုက်ခိုက်မှုလည်း မရှိတော့ပါဘူး။ တပ်မတော်ဘက်ကလည်း လုံခြုံရေးတွေအပြည့်အဝနဲ့ အခြေချနေပြီဖြစ်တဲ့အတွက် အထက်မှာဖော်ပြခဲ့တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မည်သည့်အချိန်တွင် ပြန်လည်ချထားဆောင်ရွက်ပေးမည်ကို သိရှိလို၍ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန် ပုဂ္ဂိုလ်များ၊ တက်ရောက်လာတဲ့ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှကနေပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်မှာရှိတဲ့ တကား-လူလွန်းကြား ၅ ပေ Box Culvert ၂၀ စင်း တည်ဆောက်ခြင်း၊ တကား- လိန်နုတ်-တိုက်တီးလမ်းမှာ ၅

မိုင်ကျောက်ခင်းခြင်းနှင့် နန်ဖာ-တိုက်တီး-တကား-ရှင်ဗွေယန်ကြား မြေသားလမ်း ၁၀ မိုင်ဖောက်လုပ်ခြင်းတို့ကို မည်သည့်အချိန်တွင် ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းအပေါ်မှာ ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီဥစ္စာကိုမဖြေခင်မှာတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လမ်းပန်းဆက်သွယ်မှုလွယ်ကူစေရေးအတွက် ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများကို ကျွန်တော်အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လမှာ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ပြည်ထောင်စုရန်ပုံငွေကျပ် ၄၁၄၃.၃၇၆ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၈၆၁.၃၈၀ သန်း၊ တတိယအကြိမ်အိန္ဒိယအထောက်အပံ့ဖြင့် လမ်းတံတားလုပ်ငန်း ၁၄ ခု၊ ပညာရေးလုပ်ငန်း ခြောက်ခု၊ ကျန်းမာရေးလုပ်ငန်းတစ်ခုအတွက် ရန်ပုံငွေကျပ် ၃၁၇၁.၈၃၅ သန်းနဲ့ စုစုပေါင်း ရန်ပုံငွေကျပ် ၉၁၇၆.၅၉၁ သန်းတို့ဖြင့် ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ ထို့အတူပဲ နှစ်စဉ်နာဂရိုးရာနှစ်သစ်ကူးပွဲတော်မှာလည်း နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ တကား-လူလွန်းကြား ၅ ပေ Box Culvert (၂၀)စင်းတည်ဆောက်ခြင်း၊ တကား-လိန်နုတ်-တိုက်တီးလမ်းမှာ ၅ မိုင်ကျောက်ခင်းခြင်းနှင့် နန်ဖာ-တိုက်တီး-တကား-ရှင်ဗွေယန်ကြားမြေသားလမ်း ၁၀ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေကတော့ နယ်မြေလုံခြုံရေးနှင့် ဆောင်ရွက်နိုင်မယ့် လုပ်ငန်းအခြေအနေကို ကျွန်တော်တို့ ပထမဦးစွာ ကွင်းဆင်းစစ်ဆေးပါမယ်။ နယ်မြေကွင်းဆင်း စစ်ဆေးပြီးတော့ တွေ့ရှိချက်တွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစားပေးအလိုက် စိစစ်တင်ပြလာမှုအပေါ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး တတိယငါးနှစ်စီမံကိန်းမှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဆော့လော်မြို့နယ် နယ်စပ်မှ ခီဆီဒီကျေးရွာအထိ (၂၈)မိုင်အား မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တောကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကျေးရွာအုပ်စု ၄ အုပ်စု အတွင်းရှိ ပြည်သူလူထုများအတွက် အရေးကြီးပြီး မရှိမဖြစ်လိုအပ်တဲ့လမ်းဖြစ်သည့် ဆော့လော်မြို့နယ် နယ်စပ်မှ ခီဆီဒီကျေးရွာအထိ ၂၈ မိုင်အား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်တွင် မြန်မာနိုင်ငံ၏မြောက်ဘက်ရှိ ပူတာအိုမြို့မှ မိုင်ပေါင်း ၁၃၀ ကျော် အကွာအဝေးတွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၆၈၀ နှင့် ဧရိယာစတုရန်းမိုင်ပေါင်း ၂၈၀၃.၃၉ စတုရန်းမိုင်ကျယ်ဝန်းကာ ကျေးရွာအုပ်စု ၂၃ စုနှင့် လူဦးရေပေါင်း ၁၅၀၀၀ ကျော်နေထိုင်သည့် မြို့နယ်ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာအုပ်စု ၂၃ စုအနက် ရှီးလန်ဒန်းအုပ်စု၊ ရမန်ချီအုပ်စု၊ ရာမာအုပ်စုနှင့် ထဖုံးအုပ်စုတို့မှ သီးခြားတည်ရှိပြီး ခေါင်လန်ဖူးမြို့ပေါ်မှ ခြေလျင်ခရီးဖြင့် ငါးညအိပ်ခြောက်ရက် လမ်းလျှောက်ရသည့်ဒေသဖြစ်ပါတယ်။ အဆိုပါဒေသများတွင် နေထိုင်သည့် ဒေသခံမိဘပြည်သူများအနေဖြင့် အစားအသောက်၊ စားနပ်ရိက္ခာနှင့် ဆေးဝါးများရှာဖွေရတယ်။ သူတို့နှင့်အနီးဆုံးတွင်ရှိသည့် ဆော့လော်နယ်စပ်အထိ လမ်းများမှာ များစွာခက်ခဲသဖြင့် နယ်စပ်မှတ်တိုင် ၂၉ နှင့် ၃၀ တို့ဘက်တွင် တောတောင်ကိုကျော်ဖြတ်ကာ ခက်ခဲပင်ပန်းစွာ သွားလာနေကြသည်ကို စိတ်မကောင်းစွာ တွေ့ရှိရပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းအား ဖောက်လုပ်ပေးနိုင်မည်ဆိုပါက ဒေသခံမိဘပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။

အဆိုပါဒေသတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများမှာ ခေါင်လန်ဖူးမြို့သို့ လုပ်ငန်းကိစ္စများ သွားလာတဲ့အခါတိုင်း တရုတ်ပြည်ကိုအရင်သွားရပြီး ထိုမှတစ်ဆင့် မြန်မာပြည်ထဲဝင်ကာ အဆင့်ဆင့်သွားလာနေကြရပါတယ်။ ၎င်းဒေသတွင် နေထိုင်သည့် မိဘပြည်သူများသည် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့်ကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဆိုပါ ကျေးရွာချင်းဆက်လမ်း ၂၈ မိုင်အား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးပါရန် မကြာခဏတင်ပြနေသည့် လမ်းဖြစ်သည့်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ ၄ ရပ်၊ ရည်ရွယ်ချက် ၅ ရပ်၊ ရည်မှန်းချက် ၈ ချက်နှင့်အတူ ကျေးရွာအုပ်စု ၄ အုပ်စုနှင့် ကျေးရွာပေါင်း ၄၀ ကျော်အား ချိတ်ဆက်ပေးထားသည့် ဆော့လော်မြို့နယ် နယ်စပ်မှတစ်ဆင့် ရပ်မားကျေးရွာ၊ မခမ်မားကျေးရွာ၊ မခေါင်ထကျေးရွာ၊ တလန်ထုံကျေးရွာ၊ ရှီးလန်ဒန်းကျေးရွာ၊ နွားကျားလာကျေးရွာနှင့် ခင်စင်တီကျေးရွာချင်းဆက်လမ်းရှည် ၂၈ မိုင်အား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့ ဆော့လော်မြို့နယ်၊ နယ်စပ်ကနေပြီးတော့ ခီဆီဒီကျေးရွာအထိ ၂၈ မိုင်ကို မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ အကျိုးပြုတဲ့ ကျေးရွာ၊ အိမ်ထောင်စု၊ လူဦးရေ၊ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ဘဏ္ဍာငွေလိုအပ်ချက်၊ အကောင်အထည်ဖော်ရမည့် အချိန်ကာလ၊ နောက်တစ်ခါ တွေ့ရှိချက်များကို ဒေသကိုအသေးစိတ် နယ်မြေကွင်းဆင်း ဆောင်ရွက်စေပြီးတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့က တင်ပြလာမယ်ဆိုလို့

ရှိရင်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ပြည်ထောင်စုငါးနှစ်ဖွံ့ဖြိုးရေးရန်ပုံငွေ တတိယငါးနှစ်စီမံကိန်းမှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဆီဆိုင်မြို့နယ်ရှိ တောင်ရှေ့ကျေးရွာအုပ်စု၊ နောင်ကျောကျေးရွာအုပ်စု၊ အရှေ့ခြမ်း ရွာပေါင်း ၄၁ ရွာ အဓိကအားထားသွားလာလျက်ရှိသည့် ပုံလောင်းရွာလမ်းခွဲမှ နောင်ထော်ကျေးရွာထိ ၁၁ မိုင် ၆ ဖာလုံလမ်းအား လမ်းဧရိယာပုခုံးချဲ့ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ စံကိုက်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်းတို့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ဟာဆိုရင် မြို့ပေါ် ၆ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုနဲ့ ဖွဲ့စည်းထားပါတယ်။ တောင်ရှေ့ကျေးရွာအုပ်စုဟာဆိုရင် ရွာပေါင်း ၂၇ ရွာပါရှိပြီးတော့ လူဦးရေ ၁၃၆၀၀ ကျော် နေထိုင်သောကျေးရွာအုပ်စုတစ်ခုဖြစ်ပါတယ်။ အရှေ့ဘက်မှာဆိုရင် မောက်မယ်မြို့နယ်တောင်ဘက်ခြမ်း ကစုံးကြီးကျေးရွာအုပ်စုနှင့် အွန်ချောင်းကပိုင်းခြားထားပြီးတော့ တောင်ဘက်မှာ ကယားပြည်နယ် နှင့် နမ့်သဘက်ချောင်းက ပိုင်းခြားထားသော နယ်မြေဒေသဖြစ်ပါတယ်။ ၎င်းဒေသဟာဆိုရင် တောင်တန်းကြီးများ၊ လျှိုမြောင်များ ထူထပ်စွာတည်ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ယခင်ဆယ်စုနှစ်များစွာတွင် စစ်ဘေးစစ်ဒဏ်ကို အတိဒုက္ခများစွာ ခံစားခဲ့ကြရလို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝနိမ့်ကျစွာ ခံခဲ့ရသောဒေသဖြစ်ပါတယ်။

ယခုအခါမှာတော့ နယ်မြေအေးချမ်းနေပြီဖြစ်ပေမဲ့ ဖွံ့ဖြိုးမှုနောက်ကျနေဆဲ ဖြစ်ပါတယ်။ တောင်ရှေ့ကျေးရွာအုပ်စုတွင် နောင်ထော်ကျေးရွာဟာဆိုရင် အိမ်ခြေ ၇၀၀ ခန့်ရှိပြီးတော့ ဆီဆိုင်မြို့နှင့် ၁၇ မိုင်ခန့်ကွာဝေးပါတယ်။ ရှမ်း၊ ပအိုဝ်း၊ မြန်မာ၊ ကရင်၊ ကယား၊ ကရန်း လူမျိုးများစုပေါင်းနေထိုင်တည်ရှိခြင်းကြောင့် အ.ထ.က ကျောင်းတစ်ကျောင်း မကြာမီမှာ တိုက်နယ်ဆေးရုံလည်းဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ ဆီဆိုင်မြို့နယ်မှာ အကြီးဆုံးသော သဘာဝရေခံအရင်းအမြစ်နှင့် ပေ ၄၀၀၀ ခန့် သဘာဝလိုဏ်ဂူတစ်ခုတည်ရှိပြီး ပွန်ချောင်းနှင့် နမ့်သဘက်ချောင်း ပေါင်းစုံရာနေရာဒေသလည်းဖြစ်ပါတယ်။ နောင်ထော်ကျေးရွာပတ်ဝန်းကျင်တွင် တောင်ရှေ့ကျေးရွာအုပ်စုမှရွာများ လူဦးရေ ၆၀၀၀ ခန့်နှင့် နောင်ကျောကျေးရွာအရှေ့ခြမ်း ရွာပေါင်း ၉ ရွာမှ လူဦးရေ ၃၀၀၀ ကျော်ခန့်အပြင် မောက်မယ်မြို့နယ်တောင်ခြမ်း ကစုံးကြီးကျေးရွာအုပ်စုမှ ရွာပေါင်း ၁၆ ရွာ လူဦးရေ ၃၅၀၀ ခန့်ကလည်း အဓိကကူးလူးသွားလာလျက်ရှိခြင်းကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၂၀၀ ရှိ ကွန်ချောင်းသံကူကွန်ကရစ်တံတားကို နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဆောက်လုပ်ဆောင်ရွက် ပေးခဲ့ပါတယ်။

ငှင်းနောင်ထော်ကျေးရွာသည် တောင်ငူ၊ လွိုင်ကော်၊ ဟိုပုန်းပြည်ထောင်စုလမ်းမ ပုံးလောင်းကျေးရွာလမ်းခွဲမှ ၁၁ မိုင် ၆ ဖာလုံကွာဝေးပြီး ၁၉၉၈ ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ၁၀ ပေအကျယ်ကတ္တရာလမ်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအခါ နယ်မြေဒေသတည်ငြိမ်အေးချမ်းလာခြင်း၊ စမ်းသပ်ယာဉ်များအသုံးပြုမှုများပြားလာခြင်း၊ လမ်းဖောက်လုပ်စဉ်ကာလက ယန္တရားအသုံးပြုမှုနည်းပါးခြင်းနှင့် နှစ်ပေါင်းများစွာ ကြာလှခြင်းတို့ကြောင့် လမ်းများပျက်စီးစေခြင်းဖြစ်သည့်အပြင် လမ်းဘေးဝဲယာဧရိယာ ပခုံးကျဉ်းမြောင်းလွန်းခြင်း၊ ခြုံတော်ပိတ်ပေါင်းထူထပ်ခြင်းတို့ကြောင့် နေ့စဉ်သွားလာမှုများပြားသော ပြည်သူများအတွက် မကြာခဏအန္တရာယ်ဖြစ်နေကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ တောင်ရှေ့ကျေးရွာအုပ်စု၊ နောင်ကျောကျေးရွာအုပ်စု၊ အရှေ့ခြမ်းရွာပေါင်း ၄၁ ရွာနှင့် မောက်မယ်မြို့နယ်တောင်ဘက်ခြမ်း ကစူးကြီးကျေးရွာအုပ်စုမှလည်း အဓိက ကူးလူးသွားလာလျက်ရှိသော ပုံလောင်းရွာလမ်းခွဲမှ နောင်ထော်ကျေးရွာအထိ ၁၁ မိုင် ၆ ဖာလုံလမ်းအား လမ်းဧရိယာ ပခုံးချဲ့ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ စံကိုက်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်ပါရန်အတွက် မဲဆန္ဒရှင်ပြည်သူများက မကြာခဏတင်ပြပြောဆိုလာသဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူး၏ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ရှိ တောင်ရှေ့ကျေးရွာအုပ်စု၊ နောင်ကျောကျေးရွာအုပ်စု၊ အရှေ့ခြမ်းရွာပေါင်း ၄၁ ရွာ အဓိကအားထားသွားလာလျက်ရှိတဲ့ ပုံလောင်းရွာလမ်းခွဲမှ နောင်ထော်ကျေးရွာထိ ၁၁ မိုင် ၆ ဖာလုံလမ်းအား လမ်းဧရိယာ ပုခုံးချဲ့ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ စံကိုက်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ပုံလောင်း- နောင်ထော်လမ်းဟာ ဟိုပုံး- ဆီဆိုင်- လွိုင်ကော်(ပြည်ထောင်စုလမ်းမကြီး)ကနေ ခွဲထွက်လာတဲ့လမ်းဖြစ်ပါတယ်။ အရှည် ၁၀ ပေ အကျယ်ရှိပြီး ၁၁/၆ မိုင်ရှည်လျားတဲ့ ကတ္တရာလမ်းဟောင်း ဖြစ်ပါတယ်။ နောင်ကျောကျေးရွာအုပ်စုနှင့် တောင်ရှေ့ကျေးရွာအုပ်စုရှိ ရွာပေါင်း ၄၁ ရွာ အသုံးပြုပြီးတော့ အကျိုးပြုလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ပုံလောင်း- နောင်ထော်လမ်း ၁၁/၆ မိုင်နှင့်စပ်လျဉ်းပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ၁၉၉၄-၁၉၉၅ ကနေ ၁၉၉၅-၁၉၉၆ ဘဏ္ဍာရေးနှစ်များမှာ ၁၁/၆ မိုင် ကျောက်ခင်းခြင်း၊ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး

မူကြမ်း

ဖြစ်ပါတယ်။ ထို့အတူ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံလွတ်မြောက်ရေး အဖွဲ့ ရလလဖ (နောင်ထော်)မှ နယ်စပ်ဒေသနတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ပံ့ပိုးကတ္တရာ ၁၂၅ တန်ဖြင့် ကတ္တရာခင်းခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းခြင်း ၃/၀ မိုင်ကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

လက်ရှိလမ်းအနေအထားဟာ ကတ္တရာခင်း ၁၀ ပေသာရှိတဲ့အတွက် လမ်းကျဉ်းပါတယ်။ လမ်းကျဉ်းတဲ့အတွက် ယာဉ်တစ်စီးနှင့် တစ်စီးရှောင်တိမ်းရန်ခက်ခဲပြီး ဝဲ/ယာ ၄ ပေခန့် ကတ္တရာလမ်းချဲ့ရန်နှင့် ၅ ပေ Box Culvert ၅ စင်းခန့်လိုအပ်ကြောင်းသိရှိရပြီး လက်ရှိဘဏ္ဍာရေးနှစ် နှုန်းထားများ အရ ငွေကျပ် ၆၇၉.၄၃၅ သန်း ကျန်ကျနိုင်မှာကိုလည်း တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ပုံလောင်း- နော်ထော်လမ်း ၁၁/၆ မိုင်ကို စံကိုက်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က အမှန်တကယ်လိုအပ်မှုရှိ/မရှိ အသေးစိတ်ကွင်းဆင်း လေ့လာတင်ပြချက်အပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်ချက်နှင့် ဖြစ်နိုင်ခြေအပေါ်ဆန်းစစ်ပြီး ဦးစားပေးအလိုက် ရန်ပုံငွေစိစစ်ထောက်ခံတင်ပြလာပါက နယ်စပ်ဒေသ ဖွံ့ဖြိုးရေး၏ အနီးစပ်ဆုံး ပြည်ထောင်စုဘတ်ဂျက်မှာ ရန်ပုံငွေဝင်ဆံ့မှုအပေါ်မူတည်၍ အပိုင်းလိုက် ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဆော့လော်-လန်ဆယ်လမ်းပေါ်ရှိ ၁၄၀ ပေ ၂ ထပ် သံပေါင်ဘေလီတံတား(မော်ဝေကျေးရွာနှင့် ထန်ဒန်ကျေးရွာကြားရှိ ထန်ဒန်တံတား)အား တည်ဆောက်ပြီးစီးခဲ့သည့်အချိန်မှ ၈ လကျော်ခန့်၌ ပျက်စီးခဲ့သည့်အတွက် တံတားတည်ဆောက်ခဲ့သည့်ကုမ္ပဏီနှင့် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေ၊ တံတားအရည်အသွေးစစ်ဆေးခဲ့သည့်အဖွဲ့များအား နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ် လကင်ကျေးရွာအုပ်စု၊ မော်ဝေကျေးရွာနှင့် ထန်ဒန်ကျေးရွာကြား၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေဖြင့် အရှည် ၁၄၀ ပေရှိ နှစ်ထပ်သံပေါင်ဘေလီတံတားတစ်စင်းအား Augusta Col.,Ltd မှဆောက်လုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ အဆိုပါတံတားအား ဒေသခံများမှ ထန်ဒန်တံတားဟုခေါ်ဝေါ်ကြပြီး ထန်ဒန်တံတားမှာတည်ဆောက်ပြီးစီးခဲ့သည့်အချိန်မှ ရှစ်လကျော်ခန့်သာရှိသေးသော်လည်း တံတားရေလယ်တိုင်မှာ တံတားအောက်ကျွံကျသွားခြင်း၊

တံတားအောက်ခြေခုံများမှာလည်း ကွဲအက်ပျက်စီးနေခြင်း၊ တံတားချဉ်းကပ်လမ်းများမှာလည်း ဖြစ်သလိုဆောင်ရွက်ထားသည်ကို ကွင်းဆင်းတွေ့ရှိခဲ့ရသည့်အတွက် များစွာအန္တရာယ်ရှိနေသည့် အနေအထားကို တွေ့မြင်ခဲ့ရပါတယ်။ ထို့အပြင် တံတားတည်ဆောက်ထားသည့်နေရာမှာလည်း ကားလမ်းလည်းမပေါက်၊ ဆိုင်ကယ်လမ်းလည်းမပေါက်၊ လူပင်ခက်ခက်ခဲခဲသွားလာရသည့်နေရာတွင် စီမံကိန်းလုပ်ငန်းတံတားတည်ဆောက်ထားသည်ကို တွေ့မြင်ရသည့်အတွက် အလွန်ပင်အံ့ဩမိပြီး မိမိတို့ဝေးလံခက်ခဲသောတောင်ပေါ်ဒေသတွင် ဝန်ကြီးဌာနမှ စိတ်ရင်းစေတနာဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဘတ်ဂျက်ချပေးခဲ့သော်လည်း ဒေသခံပြည်သူများအတွက် အကျိုးမရှိသည်ကို တွေ့မြင်ခဲ့ရပါတယ်။ ဝန်ကြီးဌာနအနေဖြင့် မိမိတို့ဝေးလံခက်ခဲသောတောင်ပေါ်ဒေသများတွင် စီမံကိန်းဘတ်ဂျက်များ လျာထားဆောင်ရွက်ပေးသည့်အခါ အောက်ခြေအထိ သေချာစွာကွင်းဆင်းပြီး ဒေသခံပြည်သူများအတွက် အမှန်တကယ်အကျိုးပြုနိုင်မည့်နေရာများတွင် ဆောင်ရွက်ပေးသင့်ပါ တယ်။ ယခုတံတားသည် နိုင်ငံတော်၏ဘဏ္ဍာငွေများစွာကုန်ကျခံပြီးဆောက်လုပ်ပေးထား သော်လည်း ဒေသခံပြည်သူများအတွက်၊ အကျိုးမရှိသည့်အတွက် နိုင်ငံတော်အစိုးရပုံရိပ်၊ ဝန်ကြီးဌာန၏ ပုံရိပ် များစွာထိခိုက်နိုင်ပြီး ဒေသခံများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်ဝန်ကြီးဌာနအား အထင်မြင် လွဲမှားစရာလည်း ဖြစ်လာနိုင်ပါတယ်။ ထို့ကြောင့် တံတားတည်ဆောက်ခဲ့ပြီး ရှစ်လကျော်ခန့်အချိန်၌ ယခုကဲ့သို့ တံတားပျက်စီးသွားသည့်အတွက် တံတားတည်ဆောက်ခဲ့သည့်ကုမ္ပဏီနှင့် တံတား တည်ဆောက်ပြီးစီးပြီး လုပ်ငန်းအပ်နှံသည့်အချိန် တံတား၏အရည်အသွေးကြီးကြပ်မှုအား သေချာ မစိစစ်ခဲ့သည့်ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း ထိရောက်စွာအရေးယူဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ယခုမြင်နေရတဲ့ တံတားကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတည်ဆောက်ခဲ့တဲ့၊ အခုပျက်စီးသွားတဲ့ ဒီမေးခွန်းမှာ ပါတဲ့ တံတားဖြစ်ပါတယ်။ ဒါကတော့ တံတားရဲ့ရေလယ်တိုင်က အောက်ကိုကျွံကျသွားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တံတားတည်ဆောက်ခဲ့ပြီး တံတားရဲ့အောက်ခြေခုံတွေက ကွဲအက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တံတားရဲ့ချဉ်းကပ်လမ်းကို အခုပုံမှာမြင်တွေ့တဲ့အတိုင်းပဲ ဖြစ်သလိုတည်ဆောက်ထားတဲ့ ဓာတ်ပုံဖြစ်ပါတယ်။ ဒါကတော့ တံတားတည်ဆောက်တဲ့နေရာမှာ အခုနကပြောသလို ကားလမ်း လည်းမရှိဘူး။ ဆိုင်ကယ်လမ်းလည်းမရှိဘူး။ လူတောင်မှ ဒီလိုခက်ခက်ခဲခဲသွားလာရတဲ့နေရာမှာ ဆောက်ထားတယ်ဆိုတဲ့ဟာကို ဓာတ်ပုံရိုက်ထားတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းမေးရတဲ့ ရည်ရွယ်ချက်ကတော့ အဓိကကတော့ ဝေးလံခက်ခဲတဲ့တောင်ပေါ်ဒေသမှာ ဝန်ကြီးဌာနနဲ့ စီမံကိန်း ဘတ်ဂျက်တွေ လျာထားဆောင်ရွက်ပေးတဲ့အချိန်မှာ တင်ဒါပေးတဲ့ကုမ္ပဏီကို ကျွန်တော်က သေသေချာချာ အောက်ခြေထိကွင်းဆင်းပြီးမှ ကြပ်မတ်စေချင်ပါတယ်။ ဒီလိုကွင်းဆင်းပြီးမှ မကြပ်မတ် ခဲ့တဲ့အတွက် အခုလိုမျိုး ရှစ်လကျော်ပဲရှိသေးတယ်။ ဒီလိုနိုင်ငံတော်ဘဏ္ဍာတွေဆုံးရှုံးပြီးမှ ပြည်သူ အတွက်လည်း အကျိုးမရှိ တာဖြစ်တဲ့အတွက် ကျွန်တော် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ တည်ဆောက်ပြီးစီးခဲ့သော ဆော့လော်-လန်ဆယ် လမ်းပေါ်ရှိ ၁၄၀ ပေ နှစ်ထပ်သံပေါင်ဘေလီတံတား(မော်ဝေကျေးရွာနှင့် ထန်ဒန်ကျေးရွာကြားရှိ ထန်ဒန်တံတား)အား တည်ဆောက်ပြီးစီးခဲ့သည့်အချိန်မှ ရှစ်လကျော်ခန့်၌ ပျက်စီးခဲ့သည့်အတွက်

တံတားတည်ဆောက်ခဲ့သည့်ကုမ္ပဏီနှင့် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေ၊ တံတားအရည်အသွေး စစ်ဆေးခဲ့သည့်အဖွဲ့များအား နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းရှိ/မရှိ သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှ ပြန်လည်ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ပထမရှင်းလင်းချက်မှာတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးရဲ့မေးခွန်း အပေါ်မှာ ကျွန်တော် Power Point နဲ့ အသေးစိတ်ပြန်လည်ရှင်းလင်းသွားပါမယ်။ ရှင်းလင်းမှာဖြစ်တဲ့ အတွက် ကျွန်တော်၏အချိန်ယူမှုကိုလည်း (၂)မိနစ်ခန့်ခွင့်ပြုပေးပါရန် ကြိုတင်တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့နေရာမှာ အပိုင်းနှစ်ပိုင်းနဲ့ထောက်ပြဆွေးနွေးသွားမှုအပေါ် မှာလည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကြိုဆိုပါကြောင်း၊ လက်ခံပါကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းချက်ရဲ့အပိုင်းနှစ်ပိုင်းမှာ ပထမပိုင်းအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ တည်ဆောက်ပြီးစီးခဲ့တဲ့ ဆော့လော်-လန်ဆယ်လမ်းပေါ်မှာ ၁၄၀ ပေ နှစ်ထပ် သံပေါင်ဘေလီတံတား မော်ဝေကျေးရွာနှင့် ထန်ဒန်ကျေးရွာကြားရှိ ထန်ဒန်တံတားအား တည်ဆောက်ပြီးစီးခဲ့သည့်အချိန်မှ ရှစ်လကျော်ခန့်မှာ ပျက်စီးခဲ့တဲ့အတွက် တံတားတည်ဆောက်ခဲ့တဲ့ ကုမ္ပဏီနှင့် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေ၊ တံတားအရည်အသွေးစစ်ဆေးခဲ့တဲ့အဖွဲ့များအား နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနဲ့ ဒုတိယပိုင်းအနေနဲ့ တင်ဒါစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းရှိ/မရှိဆိုပြီးတော့ အပိုင်းနှစ်ပိုင်းခွဲပြီးတော့ မေးမြန်းထားပါတယ်။

ပထမပိုင်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ တင်ဒါစည်းမျဉ်းစည်းကမ်းတွေနဲ့ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိဆိုတဲ့မေးခွန်းအပေါ်မှာတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ တင်ဒါဆိုတာကို နိုင်ငံတော်သမ္မတရုံးကထုတ်ပြန်ထားတဲ့ တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက် (၁/၂၀၁၇)အပေါ်မှာ လိုက်နာဆောင်ရွက်ရပါတယ်။ နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေတွေကို လေလွင့် ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုမရှိစေရန် တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ လိုက်ကဖြစ်စေ ဈေးကစားခြင်းမျိုးမဖြစ်စေဘဲ မှန်ကန်မျှတတဲ့ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာ မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊ နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် ထိရောက်စွာအကျိုးရှိ သည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်းများ ဖြစ်စေရန်အတွက် လိုက်နာဆောင်ရွက်ရမည်ဆိုတဲ့ညွှန်ကြားချက်များကို ပါရှိပြီးဖြစ်ပါတယ်။ နယ်စပ် ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ နိုင်ငံတော်သမ္မတရုံးရဲ့တင်ဒါလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့် အညီ လိုက်နာဆောင်ရွက်လျက်ရှိပြီးတော့ ညွှန်ကြားချက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရမယ်ဆိုတဲ့

တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကိုလည်း ဖွဲ့စည်းပြီးတော့ တင်ဒါလုပ်ငန်းများကို ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ၁၈-၃-၂၀၁၈ ရက်နေ့မှာကျင်းပတဲ့ ဘဏ္ဍာရေးဆိုင်ရာအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၈)မှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အနည်းဆုံးသုံးစွဲမှုများကို အဓိကမထားဘဲ အများအကျိုးပြုအောင်သုံးစွဲမှုကို အဓိကထားစေလိုကြောင်း အရည်အသွေးနဲ့အရည်အချင်းကို မဟုတ်သည့်နေရာတွင်လျှော့ခြင်းအားဖြင့် မိမိတို့၏အလုပ်အားထိခိုက်စေလိုခြင်းကို မဖြစ်စေလိုကြောင်း၊ ငွေကြေးနည်းနည်းများများအဓိကမဟုတ်ပါကြောင်း၊ ရှိသည့်ငွေကြေးကို နိုင်ငံတော်အတွက်အကျိုးအများဆုံးဖြစ်အောင် အဓိကထားပြီးဆောင်ရွက်လိုကြောင်းကိုလည်း ညွှန်ကြားထားရှိပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ တင်ဒါလုပ်ငန်းများကို ဆောင်ရွက်ရာမှာ နိုင်ငံတော်သမ္မတရုံးရဲ့တင်ဒါလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့လုပ်ငန်းညွှန်ကြားချက်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ညွှန်ကြားချက်များနှင့်အညီ ယုံကြည်မှုများ၊ ကုမ္ပဏီများရဲ့စွမ်းဆောင်မှုများ၊ ကုမ္ပဏီရဲ့သမိုင်းကြောင်းများ၊ Profile များ စသည့်အပေါ်မှာမူတည်ပြီးတော့ တင်ဒါရွေးချယ်တဲ့ဘုတ်အဖွဲ့ဖြင့် အတည်ပြုရွေးချယ်လျက်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့တံတားနဲ့ပတ်သက်ပြီးတော့ တင်ဒါခေါ်ယူခြင်းကို ၂၆-၆-၂၀၁၇ ရက်နေ့မှာ နယ်စပ်ရေးရာဝန်ကြီးဌာနက ကျင်းပပြုလုပ်တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲအခမ်းအနားမှာ Lot.3 ဖြစ်တဲ့ ထန်ဒန် ၁၄၀ ပေ နှစ်ထပ်သံပေါင်ဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကြယ်စင်နိုင်းကုမ္ပဏီက တင်ဒါအဆိုပြုဈေးနှုန်းအနည်းဆုံးဖြစ်တဲ့ ၃၅၀၀.၇၆ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ အောင်မြင်ခဲ့ပေမဲ့လည်း ဒီကုမ္ပဏီဟာ ၎င်းတံတားဆောက်လုပ်ရန်အတွက် ဒေသအခက်အခဲ၊ နည်းပညာအခက်အခဲများကြောင့် တည်ဆောက်နိုင်ခြင်းမရှိဘဲ လုပ်ငန်းကို ပြန်လည်အပ်နှံခဲ့ပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းကိုပြန်လည်အပ်နှံတဲ့အတွက် တင်ဒါလုပ်ထုံးလုပ်နည်း၊ တင်ဒါစည်းမျဉ်းအရ တင်ဒါဈေးနှုန်းတင်သွင်းချိန်မှာ တင်ဒါဈေးနှုန်း ဒုတိယအနည်းဆုံးဖြစ်တဲ့ Augusta Co.,Ltd တစ်ခုကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ခွင့်ပေးခဲ့ပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ လက်ရှိမှာ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ မော်တော်ကားလမ်းမပေါက်သေးတဲ့ ကချင်ပြည်နယ်(မြောက်ပိုင်း)၊ ပူတာအိုခရိုင်၊ ပန်နန်းဒင်ဒေသ၊ ခေါင်လန်ဖူးဒေသ၊ လန်ဆယ်-လကင်ဒေသများရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကို ဟန်ချက်ညီညီနဲ့ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ရှည်စီမံကိန်း၊ နှစ်လတ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မေးမြန်းချက်ပါတဲ့ ထန်ဒန်တံတားဟာ မိုင် ၂၀ ရှည်လျားပြီး လမ်းပေါ်မှာရှိပါတယ်။ အဆိုပါ ဖွံ့ဖြိုးရေးစီမံကိန်းမှာ အကျုံးဝင်တဲ့တံတားတစ်စင်းဖြစ်ပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းလန်ဆယ်-လကင်လမ်းကို နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကနေပြီးတော့ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မြေလမ်း ၁၀ မိုင်ဖောက်လုပ်ပေးခဲ့ပြီး ကျန်ရှိသည့် မြေလမ်း ၇ မိုင်ကို နောင်လာမည့်ဘဏ္ဍာရေးနှစ်များမှာ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အဆိုပါ ထန်ဒန်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ရရှိတဲ့ကုမ္ပဏီက လုပ်ငန်းစတင် ၆-၃-၂၀၁၈ ရက်နေ့မှာ လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့ပါတယ်။ လုပ်ငန်းပြီးစီးမှုနှင့် အရည်အသွေး ပြည့်မီမှုရှိ/မရှိတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြို့နယ်ကြီးကြပ်ရေးအဖွဲ့တို့ဖြင့်ဖွဲ့စည်းထားတဲ့ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီက ၁၅-၃-၂၀၁၈ ရက်နေ့မှာ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ၁၆-၃-၂၀၁၈ ရက်နေ့မှာ လုပ်ငန်းအပ်နှံခဲ့ပြီး ဖြစ်ပါတယ်။ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီရဲ့ ပြီးစီးမှုစစ်ဆေးချက်(Work Done)နှင့် အရည်အသွေးစစ်ဆေးချက်(QC)တို့ကို တင်ပြထားမှုအပေါ်မှာ ကျွန်တော်ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

ဂုင်းအပြင်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခေါ်မာဝူမှ ထန်ဒန်တံတားပြီးစီးမှုကို သွားရောက်စစ်ဆေးခဲ့ပါတယ်။ ဝန်ကြီးဌာနအနေနဲ့သတ်မှတ်စံချိန်၊ စံညွှန်းတို့ဖြင့် တည်ဆောက်ထားပြီး တော့ အရည်အသွေးပြည့်မီကြောင်းကိုလည်း ထောက်ခံချက်ပေးထားတဲ့တံတားတစ်ခု ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီဟာကတော့ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လကင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ ထန်ဒန် ၁၄၀ ပေ နှစ်ထပ်သံပေါင်ဘေလီတံတားလုပ်ငန်းအပ်နှံမှုမှတ်တမ်းလွှာ ဖြစ်ပါတယ်။ ဒါကတော့ ထန်ဒန်တံတား ဆောက်လုပ်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီနှင့် ဒေသမှာရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တို့က လုပ်ငန်းပြီးစီးမှု၊ အရည်အသွေးပြည့်မီမှုရှိ/မရှိတို့ကို တံတားတည်ဆောက်ဆဲကာလနှင့် တည်ဆောက်ပြီးချိန်တို့မှာ သွားရောက်စစ်ဆေးချက်အရ ကုမ္ပဏီမှ အရည်အသွေးပြည့်မီအောင် တည်ဆောက်ပြီးဖြစ်ပါကြောင်းလည်း သူတို့ကရှင်းလင်းတင်ပြထားပါတယ်။

ဒါပေမဲ့လည်း ၂၀၁၈ ခုနှစ်အတွင်းမှာ နိုင်ငံတစ်ဝန်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းတံတားများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သလို ကချင်ပြည်နယ်အတွင်းမှာလည်း သဘာဝဘေးအန္တရာယ် တွေကြောင့် တောင်ပြိုလမ်းပိတ်တာတွေ၊ တံတားရေလယ်တိုင်နိမ့်ကျခြင်း၊ ကမ်းကပ်ခုံကျိုးပဲ့ပျက်စီး ခြင်း၊ ကျောက်ဆောင်ပြိုကျခြင်း၊ ကမ်းပါးပြိုကျခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီးတော့ ဒီတံတားကလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေစီးပြင်းထန်စွာတိုက်စားခြင်း၊ ရေစီးနှင့်အတူမျောလာသည့် သစ်တုံးများနှင့်ထိခိုက်မိခြင်းတို့ကြောင့် သံလယ်ရေလယ်တိုင်နိမ့်ကျခြင်း၊ ကမ်းကပ်ခုံကွဲအက်ခြင်းတို့ ဖြစ်ပေါ်ခဲ့ရပါတယ်။ ထန်ဒန်တံတားပျက်စီးမှုဟာ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများ လျော့နည်းခြင်း၊ ပေါ့လျော့ခြင်းတို့မဟုတ်ဘဲ မိုးတွင်းကာလချောင်းရေပြင်းထန်စွာစီးဆင်းခြင်းနှင့် သဘာဝဘေးအန္တရာယ်ထိခိုက်ပျက်စီးခြင်းဖြစ်ကြောင်း ကျွန်တော်တို့ သုံးသပ်တွေ့ရှိရပါတယ်။ သဘာဝဘေးကြောင့် ထန်ဒန်တံတားပျက်စီးရခြင်းဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခေါ်မာဝူရဲ့ ထောက်ခံတင်ပြချက်လည်း ပေးထားပြီးဖြစ်ပါတယ်။ သဘာဝဘေးဒဏ်ကြောင့်

ထန်ဒန်တံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဒါကတော့ လက်ရှိပျက်စီးသွားတဲ့ မှတ်တမ်းဓာတ်ပုံ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ခွင့်ပြုငွေနဲ့ လုပ်ငန်းများဆောင်ရွက်ရာမှာ ကုမ္ပဏီတွေနဲ့ စာချုပ်ချုပ်ဆိုတာရှိပါတယ်။ ကုမ္ပဏီတွေနဲ့စာချုပ်ချုပ်ဆိုမှုမှာ နှစ်နှစ်အတွင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်လည်းကောင်း ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာခဲ့မယ်ဆိုရင် တာဝန်ယူရတဲ့ကုမ္ပဏီက ပြန်လည်ပြုပြင်ဆောက်လုပ်ပေးရန် စည်းကမ်းချက်တွေနဲ့ ထည့်သွင်းစာချုပ်ချုပ်ဆိုတာဝန်ပေးအပ်ခဲ့ပါတယ်။ အဆိုပါစာချုပ်စည်းကမ်းအရ ထန်ဒန်တံတားပျက်စီးမှုကို လုပ်ငန်းတာဝန်ယူဆောင်ရွက်တဲ့ Augusta Co.,Ltd မှ ဦးထွန်းသိမ်း၊ အင်ဂျင်နီယာမှူးကြီးနှင့် ချီဖွေမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရဲ့ အနီးကပ်ကြီးကြပ်မှုဖြင့် ကျွန်တော်တို့ ၁၈-၁၁-၂၀၁၈ ရက်နေ့မှာ စတင်ဆောင်ရွက်ခဲ့ပြီးတော့ ၁၂-၁၂-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ဆောင်ရွက်ခဲ့မှုများအနေနဲ့ကတော့ ရေစီးနှင့် သစ်တုံးသစ်ခက်များ တိုက်ခိုက်မှုကြောင့် ယိုယွင်းပျက်စီးခဲ့တဲ့ရေလယ်တိုင်ကို ပြန်လည်ဖြိုချခဲ့ပါတယ်။ နောက်တစ်ခါ ရေလယ်တိုင်အသစ်တည်ဆောက်ခြင်းကို တံတားရဲ့ပေ ၈၀ နေရာမှာ မြေကြောစမ်းသပ်ပြီး ချောင်းရေစီးမှုအရ Level အောက် ၁၅ ပေအနက် တူးဖော်ခြင်းကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ RCC Pile Cap ကို မြေပြင်မှာ Grid Force နှင့် ရေစီးဒဏ်ခံနိုင်မှုရှိစေရန် ယခင် ၅ ပေ ၆ လက်မ အစား ၇ ပေအထိ တိုးချဲ့ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ သဘာဝဘေးကြောင့် ထန်ဒန်တံတားပျက်စီးမှုနှင့် ပြင်ဆင်ဆောင်ရွက်နေတဲ့မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ခဲ့တဲ့တံတားများဟာ ရန်ပုံငွေခွင့်ပြုရရှိမှုအပေါ်မူတည်ပြီးတော့ ဒေသန္တရလမ်းတံတားဗဟိုကော်မတီရဲ့သတ်မှတ်ချက်နှင့်အညီ တံတားခံနိုင်ရည်ဝန် ၁၃ တန်သာ သတ်မှတ်ထားခဲ့ပေမဲ့ မော်တော်ယာဉ်လုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာနိုင်အောင် ထန်ဒန်တံတား ၁၄၀ ပေကို ခံနိုင်ရည် ၁၆ တန်အထိ ကုမ္ပဏီမှ တည်ဆောက်ခဲ့ပါတယ်။ သို့သော် ၎င်းတံတားအပေါ်မှာ သတ္တုတွင်းစမ်းသပ်ထုတ်လုပ်နေတဲ့ တန်ပိုတင်ကားကြီးများဟာ တစ်စီးပြီးတစ်စီး ဖြန်သန်းခြင်းမျိုးမပြုလုပ်ဘဲ တစ်ပြိုင်နက်ဖြတ်သန်းမှုပြုလုပ်လျက်ရှိရာ တံတားခံနိုင်ရည်နှင့်အား မျှတမှသာ တံတားဟာ ရေရှည်ခိုင်ခံ့မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန် ဒေသခံပြည်သူလူထုပူးပေါင်းပါဝင်ရေးအတွက် ဒေသရှိသက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် တွန်းအားပေး ကြပ်မတ်ကူညီပေးနိုင်ပါရန် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အကြံပြုတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းချက်နှင့်စပ်လျဉ်းပြီးတော့ ထန်ဒန်တံတားပျက်စီးမှုဟာ အရည်အသွေးမပြည့်မီမှုကြောင့် ပျက်စီးခဲ့ခြင်းမဟုတ်ဘဲ သဘာဝဘေးအန္တရာယ်ကြောင့်သာ ချို့ယွင်းပျက်စီးခဲ့ခြင်း၊ တည်ဆောက်ခဲ့သော ကုမ္ပဏီအနေနှင့်လည်း စာချုပ်စည်းကမ်းနှင့်အညီ ပြန်လည်ပြင်ဆင် ဆောင်ရွက်ခဲ့ပြီးဖြစ်ခြင်း၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့အနေနဲ့လည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ တည်ဆောက်ဆဲကာလနှင့် တည်ဆောက်ပြီးချိန်တို့မှာ စနစ်တကျသွားရောက်စစ်ဆေးခဲ့ခြင်း

တို့ကြောင့် တည်ဆောက်ခဲ့သည့်ကုမ္ပဏီနှင့် အရည်အသွေးစစ်ဆေးခဲ့သည့်အဖွဲ့တို့အား အရေးယူဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အခုလို ဝန်ကြီးအနေဖြင့် အောက်ခြေကရေးပို့လာတဲ့စာတွေကို သေသေချာချာ ရှင်းရှင်းလင်းလင်းဖြေကြားပေးတဲ့အတွက်လည်း ကျွန်တော် ကျေးဇူးတင်ပါတယ်။ ခုနက တံတားက ဝန်ကြီးဖြေတဲ့အထဲမှာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့တယ်လို့ဖြေပါတယ်။ ဒါပေမဲ့ ကျွန်တော် တစ်ခုလောက်ရှင်းပြချင်တာပါ။ အခု အဲဒီချောင်းအပေါ်မှာ တံတားက သုံးစင်းရှိပါတယ်။ ဒီ Augusta Co.,Ltd နဲ့ဆောက်လုပ်ခဲ့တဲ့တံတားနှစ်စင်းရှိပါတယ်။ နောက်တစ်ခုကျတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တစ်နှစ်ထဲမှာပဲ ကချင်ပြည်နယ်အစိုးရရဲ့ ဘဏ္ဍာရန်ပုံငွေနဲ့ ဒေသခံကုမ္ပဏီများနဲ့ ခြေဝင်းကျေးရွာမှာ ဆောက်လုပ်ခဲ့တဲ့တံတားတစ်စင်းရှိပါတယ်။ ဒါပေမဲ့လည်း မိုးသည်းထန်စွာရွာပြီးမှ ရေကြီးမှုက သစ်တုံးနဲ့တိုက်မယ်ဆိုရင်တော့ အဲဒီချောင်းပေါ်မှာရှိတဲ့တံတားသုံးစင်းစလုံးက မျောပါရမှာဖြစ်ပါတယ်။ ဒါပေမဲ့ခက်တာက အဲဒီ Augusta Co.,Ltd နဲ့ဆောက်လုပ်ခဲ့တဲ့တံတားနှစ်စင်းနဲ့ ရေကာတာ၊ ရေတားတမံတစ်ခုက ပျက်ပြီးမှ ဒေသခံကုမ္ပဏီကလုပ်တဲ့တံတားမပျက်ဘူးဆိုတော့ ဒါစဉ်းစားစရာပဲ။ သူတို့ဆောက်တဲ့ဒီဇိုင်းကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင်လည်းပဲ တံတားတည်ဆောက်တဲ့ အရည်အသွေး။ ဒီဇိုင်းကလည်း အရမ်းကွာနေတာကို ကျွန်တော်တို့ တွေ့မြင်ခဲ့ရပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေဖြင့် တံတားပျက်စီးသွားတဲ့တံတားကို ပြန်လည်ပြုပြင်ခိုင်းတဲ့နေရာမှာ ကျွန်တော်ကြားရသလောက်ဆိုရင် ကျွန်တော်တို့ ဒီငြိမ်း/တည်ဘတ်ဂျက်ထဲကနဲ့ ၂၁.၄၂ သန်းကို ပြင်ဆင်ထိန်းသိမ်းစရိတ်နဲ့ ဒီကုမ္ပဏီကိုပေးပြီးမှ ပြန်လည်ပြုပြင်ခိုင်းတယ်လို့ ကြားသိရပါတယ်။ ဒီလို စံချိန်စံညွှန်းမညီတဲ့တံတားတည်ဆောက်ပြီး ရှစ်လကျော်အချိန်မှာ ပျက်စီးသွားခဲ့တဲ့ဟာကို ပြင်ဆင်ထိန်းသိမ်းစရိတ်ငွေ ပြန်လည်ထုတ်ပေးခြင်းကရော လုပ်ထုံးလုပ်နည်းနဲ့ ဒီ တင်ဒါ စည်းမျဉ်းစည်းကမ်းနဲ့ရောညီညွတ်ပါရဲ့လား။ ကျွန်တော် အဲဒါလေး မေးမြန်းချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ အခုလိုမျိုး ဒီလို သဘာဝဘေးဒဏ်ကြောင့် တကယ်ပျက်စီးခဲ့တာမဟုတ်ဘဲနဲ့ သူတို့ရဲ့ အရည်အသွေးမပြည့်မီမှု၊ တည်ဆောက်ခဲ့မှုကြောင့် ပျက်စီးခဲ့တာကို သူတို့ ပြင်/ထိန်းအနေနဲ့ ပြန်လည်ထုတ်ပေးမယ်ဆိုရင် တခြားကုမ္ပဏီရောတောင်းဆိုလို့ရှိရင်ရော ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ထုတ်ပေးနိုင်မလားဆိုတာလေးကိုလည်း ကျွန်တော် ဆက်စပ်မေးချင်ပါတယ်။ ဒါကြောင့်မို့လို့ အခုပျက်စီးသွားတဲ့တံတားကို ကုမ္ပဏီကိုပဲ ပြန်ပြီးတော့ ထပ်ပြုပြင်ခိုင်းတယ်ဆိုတော့ ကျွန်တော်တို့ကိုရော ဒီတံတားကို ဘယ်လိုအာမခံချက်မျိုး ပြန်ရှိနိုင်မလဲ။ တံတားကြံ့ခိုင်မှု အမှန်တကယ်ရှိ/မရှိ၊ သတ်မှတ်အရည်အသွေးနဲ့ကိုက်ညီမှုရှိ/မရှိကိုရော ပြည်တွင်းပြည်ပ ပညာရှင်များနဲ့ ပြန်လည်စစ်ဆေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဗိုလ်ချုပ်သန်းထွန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးထားတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် စောစောက Power Point နဲ့ ရှင်းပြတဲ့နေရာမှာလည်း ပါပြီးသားပါ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကသွားပြီးတော့ အရည်အသွေးပြည့်မီပါတယ်ဆိုတဲ့အကြောင်းကိုလည်း တရားဝင်ထောက်ခံချက်ပေးပြီးတော့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ရဲ့စာချုပ်မှာပါတဲ့အတိုင်းလည်း ဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့ပြီးလည်းဖြစ်တယ်။ ဆောင်ရွက်ပေးပြီးတယ်ဆိုတာ ခုနက ကျွန်တော် တင်ပြခဲ့တဲ့ အထဲမှာလည်း ပါပြီးသားပါ။ နှစ်နှစ်ပြည့်လို့ ပျက်သွားလို့ဆိုလို့ရှိရင် ပြန်ပြင်ပေးရမယ်ဆိုတဲ့မူဝါဒလည်းရှိတယ်။ စာချုပ်မှာလည်းပါပြီးသားဖြစ်တယ်။ စာချုပ်မှာပါပြီးသားဖြစ်တဲ့အတွက် ကျွန်တော်တို့က ပြန်လည်ပြင်ဆင်ပေးခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ဆီကနေပြီးတော့ ငွေထောက်ပံ့ပေးတယ်၊ ဘာညာဆိုတာကလည်း တချို့ဟာတွေက ကုမ္ပဏီက အများကြီးနစ်နာသွားတဲ့အပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့က ပြန်လည်ကြည့်ပေးခြင်းဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်သေချာမသိသေးပါဘူး။ ကျွန်တော် ပြန်စစ်ပေးပါမယ်။ နောက်တစ်ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့ ပြည်တွင်းပြည်ပတွေနဲ့ စစ်ဆေးပေးဖို့ဆိုတဲ့အခြေအနေကတော့ သိပ်မဖြစ်နိုင်ပါဘူး။ မဖြစ်နိုင်ဘူးဆိုတဲ့အနေအထားမှာလည်း ပြည်တွင်းပြည်ပကခေါ်စစ်လို့ရှိရင် ပိုက်ဆံတွေလည်းအများကြီးကုန်သွားပါမယ်။ ပိုက်ဆံအများကြီးကုန်သွားမှာဖြစ်တဲ့အတွက် လိုအပ်လို့ရှိလို့ရှိရင် ဝန်ကြီးဌာနအနေနဲ့ ပြည်သူ့ဆောက်လုပ်ရေးကို တင်ပြပြီးတော့ ပဆင ကနေစစ်ဆေးပေးမယ်ဆိုလို့ရှိရင် ပိုကောင်းမွန်မယ့် အခြေအနေဖြစ်မယ်ဆိုတဲ့အနေအထားကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ဒီလမ်းပေါ်မှာ အစောက လွှတ်တော်ကိုယ်စားလှယ်ကြီးထောက်ပြ ဆွေးနွေးသွားတာရှိပါတယ်။ ဘာရှိလဲဆိုတော့ ဒီချောင်းကြီးပေါ်မှာပဲ တံတားက သုံးစင်းရှိတယ်။ ဒီဥစ္စာတွေအားလုံးသည်လည်း ဝန်ကြီးဌာနကနေပြီးတော့ လျာထားတဲ့ဘတ်ဂျက်တွေမဟုတ်ပါဘူး။ ပြည်နယ်ကနေတင်ပြတယ်။ ပြည်သူလူထုတွေကတင်ပြတယ်။ ဒီအပေါ်မှာ ဒါတွေကဆောင်ရွက်ပေးဖို့ သင့်ပါတယ်ဆိုတဲ့ အပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့က ဝန်ကြီးဌာနကဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အစောက လွှတ်တော်ကိုယ်စားလှယ်ထောက်ပြသွားတဲ့ဟာကိုလည်း ကျွန်တော်တို့လက်ခံပါတယ်။ ကျွန်တော်တို့ပြင်ရမယ့်အပိုင်းကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ရမယ့်အနေအထားရှိမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်၍မရနိုင်သည့် ပင်လယ်ကမ်းရိုးတန်း၊ ကျွန်းအခြေစိုက်ကျေးရွာများအတွက် ဆိပ်ခံတံတား၊ ရွာလယ်လမ်းတံတားများကို ဒေသနှင့်ကိုက်ညီသည့်ပုံစံဖြင့် ပထမဦးစားပေးစာရင်းထည့်သွင်း၍ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုလမ်းမကြီးများနှင့်ဆက်သွယ်သည့် ကျေးလက်လမ်းတံတားများကို ပထမဦးစားပေး အဖြစ် သတ်မှတ်ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်၍မရနိုင်သည့် ပင်လယ်ကမ်းရိုးတန်း၊ ကျွန်းအခြေစိုက်ကျေးရွာများအတွက် ဆိပ်ခံတံတား၊ ရွာလယ်လမ်းတံတား များကို ဒေသနှင့်ကိုက်ညီသည့်ပုံစံဖြင့် ပထမဦးစားပေးစာရင်းထည့်သွင်း၍ သတ်မှတ်ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုကြောင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်အပါအဝင် ပင်လယ်နှင့်ဆက်စပ် သော မြို့နယ်အများစုမှာ ပင်လယ်ကျွန်းအခြေစိုက်ကျေးရွာများအဖြစ် ဖွဲ့စည်းထားကြပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်ထောင်စုလမ်းမကြီးနှင့်ဆက်သွယ်တဲ့ ကျေးလက်လမ်း တံတားများကို ပထမဦးစားပေးဟုသတ်မှတ်ထားသည့်မူကြောင့် ပင်လယ်ကျေးရွာများဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆိပ်ခံတံတား၊ ရွာလယ်လမ်းတံတားများတည်ဆောက်ပေးရန် ခက်ခဲလျက်ရှိပါတယ်။ အခုလက်ရှိအခြေအနေမှာတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနကကြီးကြပ်တဲ့ ဂျပန်ပြည်သူများနဲ့ ADP တို့ကပေးတဲ့ အားလပ်ရန်ပုံငွေနဲ့သာ ဖွံ့ဖြိုးရေးလုပ်ငန်း အနည်းငယ်ကိုဆောင်ရွက်လျက်ရှိပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှာ ဌာနသစ်ဖြစ်ပြီးတော့ ဘုတ်ပြင်း မြို့နယ်မှာရှိတဲ့ ပင်လယ်ကျွန်းကျေးရွာများအတွက် ၂၀၁၇-၂၀၁၈ Mini-Budget မှာ ရေတားနံရံ တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုသာပါဝင်ခဲ့ပြီးတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ပင်လယ်ရွာတွေ အတွက်ပါဝင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ပင်လယ်ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ပင်လယ်ကျေးရွာများမှာ အသက်မွေးဝမ်းကြောင်း လူနေမှုပုံစံအရ သား၊ ငါး၊ ပုဇွန်ပေါ်များရာနေရာအနီး ကျွန်းများမှာ ရွာတည်ထောင်ပြီးနေထိုင်ကြရ ပါတယ်။ ကျွန်းကုန်းမြေစပ်ကနေပြီးတော့ ပင်လယ်ဘက်သို့ ဒေသအခေါ် ကြက်စင်၊ ကြက်တံတားများ ထိုးပြီး တံတားကို ရွာလယ်လမ်းအဖြစ်သတ်မှတ်ပြီးတော့ တံတားဘေးတစ်ဖက်တစ်ချက်မှာ အိမ်များ ဆောက်ပြီးတော့ ရေပေါ်ကျေးရွာကြီးများအဖြစ် တည်ထောင်နေထိုင်ကြပါတယ်။ ကြက်စင်တံတား များကို ဒေသထွက်ရေငန်သစ်များဖြင့် ဆောက်လုပ်ကြရပြီး ယခုအခါ ဒီရေတောများပြုန်းတီးလာခြင်း၊ ယခင်ကထက် ပိုမိုထိန်းသိမ်းကာကွယ်လာရခြင်းတို့ကြောင့် ဆိပ်ခံတံတား၊ ရွာလယ်လမ်းတံတားများ ယိုယွင်းပျက်စီးလာသည့်အခါ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့အတွက် ဆောင်ရွက်ရန် ခက်ခဲလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းပါဒေသနှင့်ကိုက်ညီသည့်ပုံစံဆိုတာကတော့ မြို့ကြီးတွေမှာ တည်ဆောက်တဲ့ တန်ဖိုးကြီးကွန်ကရစ်တံတားကြီးများပုံစံမဟုတ်ဘဲ ကွန်ကရစ်တိုင်၊ ကွန်ကရစ်ယက်မ သာပါဝင်ပြီးတော့ ကွန်ကရစ်ဖရိန်ပေါ်မှာ သစ်သားခင်းတည်ဆောက်တဲ့ အပေါ်စားတန်ဖိုးနည်း သစ်သားတံတားပုံစံများဖြစ်ပါတယ်။ အောက်ခြေကွန်ကရစ်တိုင်များနဲ့ဖြစ်သွားရင် အခင်းအတွက် ကတော့ သစ်သားဖြင့်လိုအပ်သလိုပြုပြင်သုံးစွဲသွားလို့ရမှာ ဖြစ်ပါတယ်။ အဆိုပါ တံတားပုံစံများဖြင့် အစားထိုး တည်ဆောက်ပေးပါက ရေရှည်ခံပြီး သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်နိုင်သလို လုံခြုံစိတ်ချစွာဖြင့်လည်း သွားလာနိုင်ကြမှာဖြစ်ပါတယ်။ ပင်လယ်ပြင်အတွင်း တံတားများထိုး၍ အိမ်ဆောက်နေထိုင်ကြရပြီး ယိုယွင်းပျက်စီးနေတဲ့ ဒီကြက်စင်တံတားတွေအပေါ်ကို အသုံးပြုသွားလာ နေကြရတဲ့ ကျောင်းသားကျောင်းသူတွေ၊ ရဟန်းသံဃာတွေ၊ သက်ကြီးရွယ်အိုတွေအတွက် ပင်လယ်အတွင်းပြုတ်ကျပြီးတော့ သေဆုံးနိုင်တဲ့အထိ အန္တရာယ်ကြီးမားလှပါတယ်။ သို့ဖြစ်ပါ၍ ပင်လယ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနေထိုင်စေရေး အတွက် မေးခွန်းပါအတိုင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီ တိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်းရဲ့ တနင်္သာရီ တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းတံတားဦးစီးဌာနမှ ပြည်ထောင်စု လမ်းမကြီးနှင့်ဆက်သွယ်တဲ့ ကျေးလက်လမ်းတံတားများကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်ပေးနေ သကဲ့သို့ ပြည်ထောင်စုလမ်းမကြီးနှင့်ဆက်သွယ်၍မရနိုင်သည့် ပင်လယ်ကမ်းရိုးတန်း၊ ကျွန်းအခြေစိုက် ကျေးရွာများအတွက် ဆိပ်ခံတံတား၊ ရွာလယ်လမ်းတံတားများကို ဒေသနှင့်ကိုက်ညီသည့်ပုံစံဖြင့် ပထမဦးစားပေးစာရင်းထည့်သွင်း၍ သတ်မှတ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းသွားမှာဖြစ်ပါတယ်။

ဘုတ်ပြင်းမြို့နယ်အတွင်းမှာ လူနေထိုင်တဲ့ ကျွန်းပေါင်း ၄၅ ကျွန်းရှိပြီးတော့ လူနေထိုင်မှု များပြားတဲ့ ကျွန်းကတော့ ရှစ်ကျွန်းရှိပါတယ်။ အဆိုပါကျွန်းရှစ်ကျွန်းအနက် ကြိမ်နီတောင်ကျွန်း ဆိပ်ခံတံတား ၂၀၀ ပေ၊ ကြိမ်မဲတောင်ကျွန်းဆိပ်ခံတံတား ၃၆၀ ပေတို့ကို ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်းကိုလည်း သိရပါတယ်။ ကျန်ရှိတဲ့ကျွန်းများရဲ့ ဆိပ်ခံတံတားလိုအပ်မှုအခြေအနေမှာ ကမ်းတောကျွန်းဆိပ်ခံတံတား ၂၀၀ ပေ၊ ကံမော်ကြီး ဆိပ်ခံတံတား ၂၀၀ ပေ၊ ရွှေဂဲညိုဆိပ်ခံတံတား ၂၅၀ ပေ၊ ကမ်းစောက်ဆိပ်ခံတံတား ၃၀၀ ပေတို့မှာ အသစ်ဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပြီး ချောင်းကဖီးဆိပ်ခံတံတား ၁၁၀ ပေမှာ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသည့် တံတားဖြစ်ကာ တံတားအောက်ခြေများ ပြန်လည်ပြုပြင်ရန်လိုအပ်လျက် ရှိကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ နယ်စပ်ဒေသများရဲ့ လူမှုစီးပွားဘဝနဲ့ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအဖြစ် ကျွန်တော်တို့အနေနဲ့ လမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း။ သောက်သုံးရေ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးတဲ့နည်းတူ ဆိုလာစွမ်းအင်ရရှိရေးဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အဦဆောက်လုပ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ဆိပ်ခံတံတားလုပ်ငန်းအမျိုးအစားကတော့ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးတဲ့ လုပ်ငန်းအမျိုးအစားမှာ ပါဝင်ခြင်းမရှိသဖြင့် ရန်ပုံငွေလျာထားဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ကျန်ရှိသည့် ရွာလယ်လမ်း၊ တံတားများ ဆောင်ရွက်ပေးနိုင်ရေးမေးမြန်းချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးပေးပါမယ်။ ကွင်းဆင်းစစ်ဆေးတင်ပြလာမယ့်အပေါ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က အမှန်တကယ်လိုအပ်ချက်ရှိပါတယ် ဆိုတဲ့အပေါ်မှာမူတည်ပြီးတော့ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးတတိယငါးနှစ်စီမံကိန်းမှာ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ကျွန်တော်မေးထားတာက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို မေးထားတာဖြစ်ပါတယ်။ ဝန်ကြီးတို့ န.တ.လ ကလုပ်ပေးနေတာတော့ ကျွန်တော်သိပါတယ်။ ကျွန်တော် အဓိကလိုချင်တာက ဆိပ်ခံတံတားအပြင် ကျွန်တော် ခုနက တင်ပြခဲ့သလို ပင်လယ်ကျေးရွာတွေအားလုံးက သူတို့တစ်ရွာလုံးနီးပါးက တံတားတွေပါ။ ရွာလယ်လမ်းပေါ့။ အဲဒီတံတားတွေကိုပါ ကျွန်တော် ခုနကပြောသလို တန်ဖိုးနည်းအဲဒီလိုတံတားပုံစံမျိုးကို အခုဌာနသစ်ဖြစ်တဲ့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို မေးမြန်းထားတာလည်းဖြစ်ပါတယ်။ အခု ဝန်ကြီးလာဖြေတဲ့အခါကျတော့ လွဲနေပါတယ်။ ဝန်ကြီးတို့ဌာနကတော့ ဆိပ်ခံတံတားတွေ ခုနကဆောက်ပေးတဲ့ဟာလည်းမှန်ပါတယ်။ တကယ်တမ်းကျွန်တော်တို့ဆီမှာ လိုအပ်နေတာက ရွှေဂဲညိုရွာတို့၊ ရေငန်ကြီးရွာတွေမှာ ရွာလယ်လမ်းတွေပေါ့။ လမ်းဆိုတာက ကျွန်တော်တို့ဆီမှာ တံတားပါပဲ။ ဒါ ပင်လယ်ဒေသကိုရောက်ဖူးတဲ့သူတိုင်းသိပါတယ်။ ကျွန်တော် အခုနကဖြစ်နေတာက ရွာလယ်လမ်း၊ အများသူငါသွားလာနေတဲ့လမ်းကိုပြောတာပါ။ ကုန်တင်ကုန်ချလုပ်တဲ့ ဆိပ်ကမ်းတွေအဆင့်တစ်ခုတည်းကို ပြောတာမဟုတ်ပါဘူး။ ရွာလယ်လမ်းတွေကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနကိုပေါ့နော်။ ကျေးလက်လမ်းဦးစီးဌာနရော ဝန်ကြီးတို့ရဲ့ န.တ.လ ရော လုပ်ပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ အဓိကကတော့ရွာလယ်လမ်းတွေ ဘာတွေကတော့ ကျွန်တော်တို့က သိပ်မရှိပါဘူးခင်ဗျား။ ပြန်စစ်ပေးပါမယ်ခင်ဗျား။ ပြန်စစ်ပေးမယ်ဆိုတဲ့အကြောင်းအရာမှာ ဒီလမ်းသည် နယ်စပ်ရေးရာနဲ့ ပြည်သူ့ဆောက်လုပ်ရေးကနှစ်ပိုင်းခွဲထားပါတယ်။ ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေးဘက်ကလုပ်တဲ့အပိုင်း၊ ကျွန်တော်တို့

နယ်စပ်ရေးရာဝန်ကြီးဌာနက လုပ်တယ်ဆိုတဲ့လမ်းတွေခွဲခြားထားမှုရှိပါတယ်။ ဒီ အခု လွှတ်တော်ကိုယ်စားလှယ်မေးထားတဲ့ဟာကတော့ ဘယ်မှာပါလဲဆိုတာကတော့ ပြန်စစ်ပေးပါမယ်။ ပြန်စစ်ပြီးတော့ ကျွန်တော် စာဖြင့်ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**အသက်သုံးနှစ်မှငါးနှစ်အရွယ်အတွင်းရှိ ကလေးများ၏မူကြိုပညာရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်အေးမြမြမျိုး အားအဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point အသုံးပြုပြီး တင်ပြဆွေးနွေးခွင့်ပြုပါရှင်။ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်အတွင်းရှိ ကလေးများရဲ့ မူကြိုပညာရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော ဆရာဆရာမများလေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးနိုင်ရေးအတွက် သင့်လျော်သောဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမယ့် ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းက တိုင်းပြည်တည်ဆောက်ရေးအတွက် အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ကလေးသူငယ်ပြုစုပျိုးထောင်ရေးတွေဟာ ကျွန်မတို့လူ့အသိုင်းအဝိုင်းအတွက် အလွန်အင်မတန်မှအကျိုးရှိပြီး ရင်းနှီးရကျိုးနပ်တဲ့လုပ်ငန်းဖြစ်တယ်လို့ ကျွန်မတို့ရဲ့နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ဖူးပါတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကလည်း ၂၀၁၀ ခုနှစ်၊ အမျိုးသမီးနှင့်ကလေးကျန်းမာရေး တစ်ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာမိတ်ဆက်ခြင်းအခမ်းအနားမှာ ကလေးများအား ရှေးဦးအရွယ်ဖွားမှစ၍ ပြုစုစောင့်ရှောက်မှုပေးခြင်းသည် ထိုကလေးအတွက်ရော၊ လူမှုအသိုင်းအဝိုင်းအတွက်ပါ အကောင်းဆုံးရလဒ်ကို ပေးစွမ်းနိုင်တယ်လို့ ပြောကြားခဲ့ဖူးပါတယ်။ စီးပွားရေးနိုဘယ်လ်ဆုရှင် ဒေါက်တာဂျိမ်းခက်ခမန်းက ရှေးဦးအရွယ်ကလေးသူငယ်စောင့်ရှောက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ရင်းနှီးမြှုပ်နှံခြင်းသည် စီးပွားရေးအကျိုးအမြတ်ရရှိမှု ၁၇ ဆအထိ အထောက်အကူဖြစ်ခဲ့တယ်လို့ တွက်ချက်ခဲ့ပါတယ်ရှင်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ အသက်ငါးနှစ်အောက်

ကလေးက ၄.၅ သန်းရှိတဲ့အတွက် ဒီလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနက တာဝန်ယူထားတဲ့ မူကြိုကျောင်းအရေအတွက်က လုံလောက်မှုမရှိနိုင်တာ၊ လိုအပ်ချက်တွေ များလွန်းနေတာ သိသာနေပါတယ်။ အဆိုပါ မူကြိုကျောင်းအများစုဟာလည်းပဲ မြို့ပေါ်မှာသာအများစု ဖြစ်နေပါတယ်။ မူကြိုကျောင်းမရှိတဲ့မြို့တွေလည်း အများကြီးရှိနေပါသေးတယ်။ ကျွန်မတို့ ဒီမြို့နယ် လူထုက နိုင်ငံရဲ့ ၃၂.၃ ရာခိုင်နှုန်းခန့်သာပဲရှိတာပါ။ အဲဒီမြို့ပေါ်မှာရှိတဲ့ကလေးတွေတောင်မှပဲ မူကြိုက ထိရောက်တဲ့၊ ပြည့်စုံလုံလောက်တဲ့ အခြေအနေဖြစ်နေမသေးဘူးဆိုတာကို မြင်ရမှာဖြစ်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့မူကြိုပညာရေး လက်လှမ်းမီခြင်းမရှိသေးတဲ့မူကြိုလေးတွေ ကျေးရွာတွေမှာ အများကြီးတွေ့နေရပါတယ်။ ဝေးလံခေါင်ဖျားသော တိုင်းရင်းသားဒေသမှာရှိတဲ့ လူမှုဝန်ထမ်းဦးစီး ဌာနက အသိအမှတ်ပြုထောက်ပံ့မှုမရတဲ့မူကြိုတွေမှာ ပညာမပြည့်စုံတဲ့ ရှေးဦးအရွယ်ကလေးပြုစု စောင့်ရှောက်ရေးသင်တန်းပင် တက်ရောက်ဖူးခြင်းမရှိတဲ့ ဆရာမလေးတွေကို မိဘတွေကနေ စုပေါင်း ပြီးတော့ တစ်လကို တစ်သိန်းတောင်မပြည့်တဲ့လစာတွေနဲ့ ကိုယ်ထူကိုယ်ထမူကြိုကျောင်းလေးတွေမှာ ကလေးတွေကို ငြိမ်အောင်ထိန်းတာ၊ တန်းစီအိပ်ခိုင်းတာဆိုတဲ့ လွဲမှားတဲ့ပြုစုစောင့်ရှောက်မှုတွေကို မြင်ရတဲ့အခါမှာ အင်မတန်မှစိတ်မချမ်းသာစရာဖြစ်ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ အာဟာရချို့တည့်မှုတတိယအများဆုံးနိုင်ငံ ဖြစ်ပါ တယ်။ အရှေ့တီမောနဲ့ ကမ္ဘောဒီးယားပြီးရင် မြန်မာနိုင်ငံက အာဟာရချို့တည့်မှုအများဆုံး ဖြစ်နေ ပါတယ်။ ကလေးငယ်တွေအတွက် အာဟာရချို့တည့်မှုတစ်ခုတည်းကြောင့်ပဲ အဲဒီနိုင်ငံရဲ့စီးပွားရေး ကဏ္ဍဆုံးရှုံးမှု ဟာ GDP ရဲ့ပျမ်းမျှ ၁၁ ရာခိုင်နှုန်းလောက်အထိရှိနေတာကို လေ့လာတွေ့ရှိရကြောင်း WFA မှ တာဝန်ရှိသူပြောကြားထားတာလည်း လေ့လာသိရှိရပါတယ်ရှင်။ မြန်မာနိုင်ငံမှာ အသက် ငါးနှစ်အောက် အလေးချိန်မပြည့်တဲ့ ကလေးရာခိုင်နှုန်းက ၂၀၀၉ ခုနှစ်မှာ ၂၂.၆ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာဆိုရင် ၃၈.၇ ရာခိုင်နှုန်းထိရှိပြီးတော့မှ ၂၅ နှစ်မှာ အမြင့်ဆုံးထိဖြစ်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံမှာ အသက်အရွယ်အလိုက် အရပ်အမောင်းကြီးထွားမှု ရပ်တန့်မှုနှုန်းက ၂၀၀၉ ခုနှစ်မှာ ၃၅.၁ ရာခိုင်နှုန်းဖြစ်ပြီးတော့ လွန်ခဲ့တဲ့ ၂၅ နှစ်အတွင်းမှာ အဆိုးဆုံးဖြစ်ခဲ့တဲ့အခြေအနေက ၁၉၈၄ ခုနှစ် မှာဆိုရင် ၅၅.၁ ရာခိုင်နှုန်းထိ ရှိပါတယ်။ Myanmar's Democratic has Survey(2015-2016) စစ်တမ်းအရ ကလေး ၂၃ ရခိုင်နှုန်းသာ မူကြိုပညာရေးရရှိပါတယ်။ ၅၄ ရာခိုင်နှုန်းသော ကလေး များဟာ အိမ်မှာရှိနေတဲ့လူကြီးများရဲ့သင်ကြားမှုကိုရရှိပြီးတော့မှ ၅ ရာခိုင်နှုန်းသော ကလေးများသာ သင်ယူလေ့လာစရာစာအုပ် သုံးအုပ်နှင့်အထက်ရှိပါတယ်။ ၁၃ ရာခိုင်နှုန်းသော ကလေးများဟာ ၁၀ နှစ်အောက်ကလေးများရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် ကြီးပြင်းနေရပါတယ်ရှင်။ ငါးနှစ်အောက် ကလေး ၁၈ ရာခိုင်နှုန်းသာ သာမာန်ကြီးထွားနေနိုင်ပြီးတော့ ၄၁ ရာခိုင်နှုန်းဟာ ကြီးထွားမှုရပ်တန့်ခြင်း ဖြစ်ပေါ်နေပါတယ်။ ၃၀ ရာခိုင်နှုန်းသောကလေးများဟာ ကိုယ်အလေးချိန်မပြည့်ဘဲနဲ့ ၁၁ ရာခိုင်နှုန်း သော ကလေးများဟာ ပိန်ချုံးတဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ၁၀၀၀ ခန့်မျှသော မူကြိုကျောင်းများ မှာသာ လေ့ကျင့်ပေးထားသော အရည်အသွေးပြည့်ဝတဲ့ ဆရာဆရာမများနဲ့ စနစ်တကျသင်ကြားမှု၊

အာဟာရထောက်ပံ့မှုရနေသေးတဲ့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အလွန်နည်းပါးနေသေးတဲ့ ပမာဏဆိုတာ တွေ့နိုင်ပါတယ်။ နောက်ပြီးတော့ ဒီမူကြိုကလေးတွေအတွက် သင်ရိုးညွှန်းတမ်းနှင့် ဆရာဆရာမထောက်ပံ့မှုကလည်း အရေးတကြီးလိုအပ်နေပါတယ်။ ကလေးသူငယ်များရဲ့ ရှေးဦးပညာ သင်ရေးသင်ရိုးညွှန်းတမ်းက ကလေးများရဲ့အသက်အရွယ်၊ သဘာဝနဲ့ ကိုက်ညီမှုရှိပြီးတော့ လက်ရှိ ကျွန်မတို့ပြောင်းလဲမယ်ဆိုတဲ့ ပညာရေးစနစ်ရဲ့မူကြိုပညာရေးကို အထောက်အပံ့အဆက်ဆက်ရှိနေဖို့ လိုအပ်ပါတယ်။ ပြီးတော့ ဒီကလေးတွေကိုလည်း မိခင်ဘာသာစကားနဲ့ သင်ကြားပေးဖို့လိုအပ်ပါတယ်။ ရှေးဦးပညာရေးအတွက် ဆောင်ရွက်မယ့် ဆရာဆရာမတွေက ကလေးဖွံ့ဖြိုးမှုကို နားလည်တတ်ကျွမ်း ပြီး စိတ်ဝင်စားတဲ့သူတွေ ဖြစ်ဖို့လိုပါတယ်။ ရှေးဦးပညာ သင်ကြားမှု၊ ဆရာဆရာမများရဲ့ အခြေခံ လစာနဲ့ ခံစားခွင့်တွေဟာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆရာမနဲ့ တန်းတူခံစားခွင့်လည်း ရှိစေချင်ပါတယ်။

ကျွန်မတို့ဆီမှာ မူကြိုဆိုရင် အရမ်းကိုထည့်တွက်တဲ့ထဲမှာမရှိဘူး။ မူလတန်းဆိုရင်လည်း တခြားအတန်းတွေထက်ကို ပိုပြီးတော့မှ လစာနိမ့်ထားတာ၊ ရာထူးနိမ့်တယ်ဆိုတဲ့အခြေအနေတွေကို ပြောင်းလဲပစ်ဖို့ အချိန်တန်ပါပြီ။ အရေးကြီးဆုံးအသက်အရွယ်မှာရှိနေတဲ့ ဒီကလေးတွေကို ပြုစုထိန်းသိမ်းဖို့ဆိုတာ တကယ့်ကိုစနစ်တကျသင်ယူလေ့လာထားတဲ့ ပညာရှင်တွေရဲ့လက်ထဲမှာ စနစ်တကျစောင့်ရှောက်မှုတွေ အင်မတန်အရေးတကြီးလိုအပ်နေလို့ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့မှာ Sustainable Development Goal ရဲ့ 4.2 မှာ ဆိုလို့ရှိရင်လည်း ၂၀၃၀ ခုနှစ်မှာ မိန်းကလေးနှင့် ယောကျာ်းလေးအားလုံးသည်သူတို့၏ အခြေခံပညာရေးအတွက် အဆင်သင့်သင်ကြားနိုင်ရန် အရည်အချင်းပြည့်မီသော ရှေးဦးအရွယ်ကလေးဖွံ့ဖြိုးတိုးတက်မှု၊ စောင့်ရှောက်မှုအကြို အခြေခံပညာ ကိုရရှိပြီးဖြစ်ရမယ်လို့ ဖော်ပြထားပြီးဖြစ်ပါတယ်ရှင်။ ရှေးဦးအရွယ်ကလေးပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများအတွက် ရန်ပုံငွေရရှိအောင် ဆောင်ရွက်ပေးဖို့ရန်၊ ရှေးဦးအရွယ်ကလေး ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒဥပဒေ၊ နည်းဥပဒေချမှတ်ရန်၊ ဒေသအတွင်းရှိ ရှေးဦး အရွယ်ကလေးပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာဝန်ဆောင်မှုများကို သက်ဆိုင်ရာဒေသရှိ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်လျော်ညီစွာ ဒေသသုံးဘာသာစကားဖြင့် အသုံးပြုနိုင်ရန်၊ ပံ့ပိုးရန် အတွက် ကျွန်မတို့တွေ ကတိကဝတ်ပေးထားခဲ့ပါတယ်။ သို့သော်လည်း ဥပဒေတွေ ပြဋ္ဌာန်းပေးရုံ၊ မဟာဗျူဟာစီမံချက်တွေ ရေးဆွဲရုံ၊ အမျိုးသားအဆင့်ကော်မတီတွေ၊ ကော်မတီအဆင့်ဆင့် ဖွဲ့စည်း ပေးရုံမျှဖြင့် သင့်လျော်သောဘဏ္ဍာငွေသုံးစွဲခြင်းမရှိလျှင် မအောင်မြင်နိုင်ကြောင်း သာဓကတွေကို ကျွန်မတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေလည်း အသိဖြစ်ပါတယ်။ အထူးသဖြင့် ကျေးလက် တောရွာများမှာရှိတဲ့ အစိုးရရဲ့ထောက်ပံ့မှုမရရှိတဲ့ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းတွေနဲ့ ဝေးလံခေါင်ဖျားတဲ့တိုင်းရင်းသားဒေသတွေ၊ ပဋိပက္ခဖြစ်နေတဲ့နေရာ၊ မငြိမ်းချမ်းနေတဲ့နေရာမှာရှိတဲ့ ဒုက္ခသည်စခန်းမှကလေးတွေအတွက် ကောင်းမွန်ထိရောက်တဲ့၊ လက်တွေ့ကြတဲ့ စီမံခန့်ခွဲမှုများ၊ ထောက်ပံ့မှုများ လိုအပ်နေပါတယ်။ မည်သည့်ကလေးတစ်ဦးတစ်ယောက်မှ ဖွံ့ဖြိုးမှုနောက်ကျစေခြင်း မရှိဖို့၊ ကူညီထောက်ပံ့ပေးဖို့က ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်ရှင်။

ကလေးသူငယ်များအတွက် ဘတ်ဂျက်သည် ပြည့်စုံလုံလောက်သော အရင်းအမြစ်ခွဲဝေမှု ဖြစ်ရန်နှင့် ရန်ပုံငွေလျာထားမှုသည် ကလေးများအတွက်ဖြစ်ကြောင်း မြင်သာရန်လည်း လိုအပ်လှပါတယ်။ ကျွန်မတို့နိုင်ငံမှာ ပိုင်ဆိုင်ထားတဲ့သဘာဝအရင်းအမြစ်များဟာ နိုင်ငံသူနိုင်ငံသားတွေရဲ့ လူမှုဘဝလှပဖို့အတွက် အရင်းအနှီးဖြစ်ဖို့ အရေးကြီးပါတယ်။ သဘာဝအရင်းအမြစ်တွေ ရှာဖွေဖော်ထုတ်ခြင်းမှ ရရှိတဲ့ဝင်ငွေအစိတ်အပိုင်းအနည်းငယ်မျှအသုံးပြုရုံဖြင့် မြန်မာ့ကလေးများနှင့် မိသားစုဘဝများကို သိသိသာသာပြောင်းလဲစေနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၂၀၁၀ ခုနှစ် ကျောက်မျက်ရောင်းရငွေ လေးပုံတစ်ပုံဟာ အသက်ငါးနှစ်အောက်ကလေးတိုင်း ကျောင်းနေရေး တစ်လ ၁၅၀၀၀ ကျပ် ထောက်ပံ့ဖို့အတွက်ကို ဖူလုံနိုင်ပါတယ်။ ကျွန်မတို့နိုင်ငံ နှစ်စဉ်သုံးစွဲနေတဲ့ ဘတ်ဂျက်မည်မျှကို ကျွန်မတို့ကလေးတွေအတွက် အသုံးပြုမှာလဲ။ မိမိမြို့ရွာမှာ လာရောက်ရင်းနှီး မြှုပ်နှံတဲ့လုပ်ငန်းများရဲ့ အကျိုးအမြတ်မည်မျှကို ကျွန်မတို့ကလေးတွေအတွက် အသုံးပြုပေးမလဲ။ Cooperate Social Responsibility လို့ခေါ်တဲ့ တာဝန်သိလူမှုအကျိုးပြုလုပ်ငန်းတွေရဲ့ ဘယ်လောက်ပမာဏကို ကျွန်မတို့ရဲ့ကလေးတွေအတွက် အသုံးပြုပေးမလဲ။ ရပ်ရွာအခြေပြုတဲ့ အားလုံးပူးပေါင်းပါဝင်သော၊ စနစ်ကျသောအစီအမံများဖြင့် ကျွန်မတို့ကလေးတွေ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ရှိကလေးများရဲ့ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသောဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများအတွက် အာဟာရကျွေးမွေးနိုင်ရန် သင့်တော်သော ဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်အေးမြမြမျိုး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းသော အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက်ထည့်သွင်းပံ့ပိုးပေးနိုင်ပါရန်နှင့် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာအဆိုရှင်က အဓိကအားဖြင့် မူကြိုအရွယ်ကလေးငယ်များရဲ့ ကာယ၊ ဉာဏဖွံ့ဖြိုးမှုအတွက်ကို ထိရောက်တဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ရန်အတွက် အရေးတကြီးလိုအပ်နေတဲ့ အကြောင်းကို ထောက်ပြဆွေးနွေးသွားတာကို တွေ့ရပါတယ်။ တကယ်တော့ ဒီအဆိုဟာ ကျွန်မတို့ နိုင်ငံရဲ့အနာဂတ်ပေါင်းများစွာအတွက် အင်မတန်မှအရေးကြီးတဲ့အဆိုတစ်ရပ်ပဲ ဖြစ်ပါတယ်။ လက်ရှိမှာ ကျွန်မကိုယ်တိုင်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်တဲ့အပြင် မိခင်တစ်ယောက်

လည်း ဖြစ်နေပါတယ်။ အဲဒါကြောင့် ကလေးတွေကိုပြုစုစောင့်ရှောက်တဲ့နေရာမှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေထက် ခန္ဓာကိုယ်သန်စွမ်းကျန်းမာမှု၊ ဉာဏ်ရည်ကျန်းမာသန်စွမ်းမှု၊ စိတ်ခံစားမှုပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းမှုက တိုင်းပြည်တည်ဆောက်ရေးအတွက် အင်မတန်အရေးကြီးလာနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ရှေးဦးအရွယ်ကလေးတစ်ယောက်ကို ပြုစုစောင့်ရှောက်တဲ့နေရာမှာ ကလေးဟာ မိခင်ရဲ့ဝမ်းဗိုက်ထဲမှာရှိစဉ်ကတည်းကပဲ အဲဒီကလေးရဲ့ ကျန်းမာရေးနှင့်အာဟာရပြည့်ဝစွာရရှိနိုင်ရေးကို စနစ်တကျဖြည့်ဆည်းလုပ်ဆောင်ပေးဖို့ကလည်း အရေးကြီးတဲ့ကိစ္စရပ်ပဲ ဖြစ်ပါတယ်။ အဲလိုလုပ်ဆောင်နိုင်ဖို့အတွက် မိခင်တစ်ဦးမှာ ကျန်းမာရေးနှင့်ပတ်သက်တဲ့ အသိပညာကိုသိနေဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသနှင့် ဆေးရုံဆေးခန်းနှင့်ဝေးသောဒေသက မိခင်လောင်းများအတွက် ဒီကိစ္စဟာအထူးထည့်သွင်းစဉ်းစားပြီး စနစ်တကျဆောင်ရွက်ရန် လိုအပ်လာပါပြီ။ ဒါ့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရမည့်ကိစ္စရပ်တွေအများကြီးရှိနေပါတယ်။ ဥပမာအနေနဲ့ ကလေးအငယ်များကို ကာကွယ်ဆေးအချိန်မှန်မှန်ထိုးပေးနိုင်ဖို့ကလည်း ကလေးတစ်ဦးရဲ့ကျန်းမာဖွံ့ဖြိုးရေးအတွက် အရေးကြီးပါတယ်။ အဲဒီလို အချိန်မှန်မှန်ကာကွယ်ဆေးထိုးနိုင်ဖို့နှင့် ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်မှုကလည်း ထိရောက်စွာဆောင်ရွက်ရမည့်ကိစ္စပဲဖြစ်ပါတယ်။ ဒါကို သက်ဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါတယ်။ ဒါမှသာ ကလေးတစ်ယောက်ရဲ့ ဖွံ့ဖြိုးမှုဟာ အချိတ်အဆက်မိမိ စနစ်တကျပြုစုပျိုးထောင်နိုင်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်တွေ့မှာ ကျွန်မတို့ ကျေးလက်တောရွာတွေကိုဆင်းတဲ့အခါမှာ တချို့ကျေးရွာတော်တော်များများမှာ ပြည်သူများထံမှ အသံကြားရပါတယ်။ အဲဒါကတော့ ဆရာမ မရှိလို့၊ ဆေးခန်းမရှိလို့၊ တာဝန်ကျဆရာမတွေက ရွာမှာလာမနေလို့၊ မွေးဖွားလာတဲ့ ကလေးတွေမှာ ကာကွယ်ဆေးမှန်မှန်မထိုးရဆိုတဲ့အသံပဲ ဖြစ်ပါတယ်။ ဒါတွေဟာ ကလေးတွေရဲ့ ကျန်းမာရေးအတွက် ရေရှည်ထိခိုက်နိုင်သလို တိုင်းပြည်အတွက် ကြီးမားတဲ့လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှု ဖြစ်သွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက် အာဟာရချို့တဲ့မှုနှင့်ပတ်သက်ပြီး အနည်းငယ်ဆွေးနွေးချင်ပါတယ်။ ၂၀၀၉-၂၀၁၀ အချက်အလက်များအရ ဆင်းရဲတဲ့မိသားစုများမှ အသက်ငါးနှစ်အောက်ကလေးငယ်များမှာ ပုညှပ်မှုများဖြစ်ပွားခြင်း ၄၆ ရာခိုင်နှုန်းဖြစ်ပြီး ချမ်းသာသောမိသားစုမှ ကလေးသူငယ် ၂၀ ရာခိုင်နှုန်းဟာလည်း ပုညှပ်နေကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီတွေ့ရှိချက်အရဆိုရင် ပုညှပ်မှုဖြစ်ရခြင်းရဲ့ အကြောင်းအရင်းများမှာ ချမ်းသာလို့၊ ဆင်းရဲလို့ဆိုတာထက် ကလေးသူငယ်များအား ကျွေးမွေးစောင့်ရှောက်သည့်နည်းလမ်းများ လွဲမှားနေကြောင်းကို ဖော်ပြနေတာဖြစ်ပါတယ်။ ဒါ့အပြင် အခြားသောအာဟာရဓာတ်ချို့တဲ့မှုများလည်း လိုအပ်လျက်ရှိနေပါတယ်။ အာဟာရနှင့်ပတ်သက်ပြီး မိခင်တစ်ယောက်ဟာ ကိုယ်ဝန်ဆောင်စဉ်အချိန်ကတည်းက အာဟာရပြည့်မီစေရေးအတွက် အစိုးရရဲ့ ရက် ၁၀၀၀ စီမံချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့မှာ အကောင်အထည်ဖော် ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒါဟာ ကိုယ်ဝန်ခြောက်လမှ

နှစ်နှစ်အရွယ်ထိဖြစ်တဲ့အတွက် အဆိုရှင်အနေဖြင့် လိုအပ်နေသေးတဲ့ သုံးနှစ်မှငါးနှစ်အရွယ်ကြား ကလေးငယ်များအာဟာရ ပြည့်မီရေးနှင့် ကလေးငယ်များကို လေ့ကျင့်သင်ကြားပေးဖို့အတွက် စွမ်းရည်ပြည့်ဝတဲ့ မူကြိုဆရာဆရာမများ လိုအပ်နေကြောင်းကို ထောက်ပြသွားတာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ချက်အနေဖြင့် အဆိုရှင်မှ ကျေးလက်တောရွာများတွင်ရှိသော ကိုယ်ထူကိုယ်ထမူကြိုကျောင်းများနှင့်ပတ်သက်ပြီး လိုအပ်ချက်များကို ဆွေးနွေးသွားတာ တွေ့ရပါတယ်။ ကျွန်မမဲဆန္ဒနယ်မှာဆိုရင် မြို့ပေါ်မှာကိုယ်ထူကိုယ်ထမူကြိုကျောင်းတစ်ကျောင်းနှင့် ကျေးရွာများမှာ Plan Myanmar ရဲ့ထောက်ပံ့မှုနဲ့ ဆောက်လုပ်ခဲ့တဲ့ မူကြိုကျောင်းပေါင်း ၁၈ ကျောင်းရှိပါတယ်။ လက်ရှိမှာအဲဒီကျောင်းတွေဟာ ဆက်လက်ရပ်တည်ဖို့ အခက်အခဲမျိုးစုံတွေ့နေရပါတယ်။ ပထမတစ်ချက်က ဘတ်ဂျက်လိုအပ်ချက်ဖြစ်ပြီး၊ ဒုတိယတစ်ချက်က ကလေးတွေကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမယ့် ဆရာမလိုအပ်ချက်ပဲ ဖြစ်ပါတယ်။

အဲဒီအကြောင်းတွေကိုလည်း အစိုးရနဲ့ NGO ၊ INGO များ၊ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများမှ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ရန် ဝိုင်းဝန်းအထောက်အပံ့ပေးရန် အထူးလိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြို့နယ်တိုင်းမှာ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ မူကြိုကျောင်းများ ဖွင့်လှစ်နိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မူလတန်းကြိုဆရာမများအပါအဝင် မူကြိုပညာရေးဆောင်ရွက်လျက်ရှိတဲ့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက မူလတန်းကြိုကျောင်းများအား နည်းပြသင်တန်းများ၊ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပေးရန် အထူးလိုအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များနှင့် ဦးတည်ချက်များ ပြည့်မီလာစေရန်ဆိုပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အခြားဆက်စပ်ဝန်ကြီးဌာနနှင့်ပူးပေါင်းကာ မူဝါဒဆိုင်ရာ မဟာဗျူဟာ(၁၀)ချက် ချမှတ်ထားတာရှိပါတယ်။ အဲဒီ(၁၀)ချက်ထဲက (၃)ချက်ဖြစ်တဲ့ မွေးစမှငါးနှစ်ကလေးများအတွက် ရှေးဦးအရွယ်ကလေးပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စစ်ဆေးပံ့ပိုးသည့် ဝန်ဆောင်မှုများဆိုတဲ့ အချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက်ဆိုရင် မူဝါဒချရုံ၊ ဥပဒေပြဋ္ဌာန်းရုံနဲ့မပြီးသေးဘဲ အဆိုရှင်ပြောသလို ဘတ်ဂျက်လုံလောက်အောင် ပံ့ပိုးပေးဖို့က အဓိကကျနေပါတယ်။ ဒီနေရာမှာ ရင်းနှီးမြှုပ်နှံလိုက်သည့်အတွက် အနာဂတ်မှာ အကျိုးအမြတ်များစွာရရှိမယ်ဆိုတာ သေချာတဲ့အချက်ဖြစ်နေပါတယ်။ ဒါကြောင့် တိုင်းပြည်တည်ဆောက်ရေးအတွက် လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့၊ ရဲရဲဝံ့ဝံ့ရင်းနှီးမြှုပ်နှံဖို့ အချိန်ကျနေပြီဖြစ်ကြောင်းပြောကြားရင်း ဒေါ်အေးမြမြမျိုးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေ

ခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်အေးမြမြမျိုး တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဒေါ်အေးမြမြမျိုး ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသော အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ ကလေးများ၏ မူကြိုပညာရေးအတွက် စွမ်းရည်ပြည့်ဝသော ဆရာဆရာမများ လေ့ကျင့်သင်ကြားပေးပါရန်နှင့် မူကြိုကျောင်းများတွင် အာဟာရကျွေးမွေးနိုင်ရန်အတွက် သင့်လျော်သောဘတ်ဂျက် ထည့်သွင်းပံ့ပိုးပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁-၂-၂၀၁၉ ရက်(သောကြာနေ့) ညနေ(၄)နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ၂၀-၁၂-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ၂၁-၁-၂၀၁၉ ရက်နေ့တွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉- ၃၂

ရက် စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၂၀-၁၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈- ၇၂၃

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၀-၁၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ၂၀-၁၂-၂၀၁၈ ရက်စွဲပါစာဖြင့် ပေးပို့လာပါသည်။

၂။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းအား အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) ရှေးနှစ်ပေါင်းများစွာက တည်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာ တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို မြှင့်တင်အကောင်အထည်ဖော်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်

ဖြစ်စေ၊ သစ်ပင်သစ်ဥကြောင့်ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့်ဖြစ်စေ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏ အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး နှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဆ) ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃၀-၁-၂၀၁၉ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံစာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ဂ၅/ ပသ (ကမတ- ဥပဒေကြမ်း) ၁/ ၂၀၁၉- ၃၂

ရက် စွဲ ၊ ၂၀ ၁ ၉ ခု နှစ်၊ ဇန် န ဝါ ရီ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၀-၁၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ- ၁) ၁/ ၂၀၁၈- ၇၂၃

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၀-၁၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းအား အောက်ဖော်ပြပါရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာတည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို မြှင့်တင်အကောင်အထည်ဖော်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ် ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအား သဘာဝ ဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှု ကြောင့်ဖြစ်စေ၊ သစ်ပင်သစ်ဥကြောင့်ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့် ဖြစ်စေ၊ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက် စေရန်၊

(ဃ) အများပြည်သူတို့၏ အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဆ) ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃၀-၁-၂၀၁၉ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း(၁၁) ခန်းနှင့် အပိုဒ်ပေါင်း ၅၁ ပိုဒ် ပါရှိပါသည်။

(ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၇၈) ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) ဥပဒေခေါင်းစီးရှိ ၂၀၁၈ ခုနှစ် ဆိုသည့်စကားရပ်ကို ၂၀၁၉ ခုနှစ် ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း(၁) အပိုဒ် ၁ ရှိ ၂၀၁၈ ခုနှစ် ဆိုသည့်စကားရပ်ကို ၂၀၁၉ ခုနှစ် ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ) နှင့် (ဇ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) **ရှေးဟောင်းနေရာ** ဆိုသည်မှာ ဦးစီးဌာနက ရှေးဟောင်းနေရာ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်းမပြုရသေးသည့်နေရာ၊ သဘာဝအရဖြစ်ပေါ်နေသည့် ကျောက်ဖြစ် ရုပ်ကြွင်းများ၊ ကျောက်လက်နက်များတွေ့ရှိရာနေရာ၊ ရှေးခေတ်လူတို့ အခြေချနေထိုင်ခဲ့သော သို့မဟုတ် နားခိုခဲ့သောနေရာကို ဆိုသည်။

(ဇ) ရှေးဟောင်း**အထိမ်းအမှတ်** အဆောက်အအုံဆိုသည်မှာ မြေပေါ် သို့မဟုတ် မြေအောက်တွင်ဖြစ်စေ၊ ရေပေါ် သို့မဟုတ် ရေအောက်တွင်ဖြစ်စေ ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများအပါ အဝင်လူသားတို့ နေထိုင်ပြုလုပ် သုံးစွဲတည်ဆောက်ခဲ့သည့် နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့်အောက် ပါအဆောက်အအုံ**နေရာ**များကို ဆိုသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ) အပိုဒ်ခွဲငယ်(၂) (၃) နှင့် (၄) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) (၂) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူနေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် လူသားတို့ နေထိုင်ခဲ့သည့် ကုန်းဟောင်းများ၊ ယင်းတို့၏ အကြွင်းအကျန်များ၊

(၃) သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သော ဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာနေရာနှင့် လူသားတို့ သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လှိုမြောင်၊ မြစ် ကမ်းဆင့်နှင့်ပရိုင်းမိတ်များ၊ အခြားကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ နေရာများအပါအဝင် ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ၊

(၄) လူသားတို့ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဥ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့် ဖိုများနှင့် ဆက်စပ်နေရာများ၊

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ) အပိုဒ်ခွဲငယ်(၇) နှင့်(၈) တို့ကို ခြွင်းချက်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

ခြွင်းချက်။ နှစ်ပေါင်း ၁၀၀ သက်တမ်းမပြည့်သော်လည်း ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ရှေးဟောင်း စာရင်းဝင်အဆောက်အအုံ အဖြစ်

သတ်မှတ်သည့်အဆောက်အအုံများနှင့် ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးမြင့်မား၍ နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများကိုလည်း ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်နိုင်သည်။

( ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ည) နှင့် (ဋ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည) **မြို့ပြ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနက ဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြို့မြေအဖြစ်သတ်မှတ်ထားသည့်နယ်မြေကို ဆိုသည်။

( ဋ) **ကျေးရွာ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနက ဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရွာမြေအဖြစ် သတ်မှတ်ထားသည့် နယ်မြေကို ဆိုသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ည) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ရှိ ယိုယွင်းပျက်စီးခြင်း မရှိစေရေးအတွက် ဆိုသည့် စကားရပ်ကို ယိုယွင်းဆုံးရှုံးပျက်စီးခြင်းမရှိစေရေးအတွက် ဟု ပြင်ဆင်ပါသည်။

( ဋ) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို အများပြည်သူတို့ နားလည်ခံယူနိုင်ကြစေရန်၊

( ဌ) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၁) နှင့် (၁၂) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၁၁) ယဉ်ကျေးမှု အမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့် အဖွဲ့ဝင် စပ်လျဉ်း၍ ကျွမ်းကျင်သူ သုံးဦး

(၁၂) ယဉ်ကျေးမှု အမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး အဖွဲ့ဝင် လုပ်ငန်းကိုဆောင်ရွက်နေသော **ဒေသခံ**အနည်းဆုံး သုံးဦးမှ အများဆုံးငါး**ဦး**ထိ

( ဍ) အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁) (၂) (၃) (၄) နှင့် (၅) တို့ကို အပိုဒ်ခွဲငယ်(၁) (၄) (၃) (၂) နှင့် (၅) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၁) ခရိုင် သို့မဟုတ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဥက္ကဋ္ဌ

ဦးစီးဌာနမှအရာရှိတစ်ဦး

(၄) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှအရာရှိတစ်ဦး အဖွဲ့ဝင်

(၃) ခရိုင် သို့မဟုတ် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှအရာရှိတစ်ဦး အဖွဲ့ဝင်

(၂) ခရိုင် သို့မဟုတ် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ အရာရှိတစ်ဦး အဖွဲ့ဝင်

(၅) **ယဉ်ကျေးမှု အမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းကို** ဆောင်ရွက်နေသော ဒေသခံနှစ်ဦး အဖွဲ့ဝင်

( ပ) အခန်း (၇) အပိုဒ် ၁၃အပိုဒ်ခွဲ(ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ကမ္ဘာ့အမွေအနှစ် ဒေသများအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ စံနှုန်းများ၊ မူဝါဒစည်းကမ်းချက်များအား မိမိတို့နယ်မြေဒေသ၊ ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဏ) အပိုဒ် ၁၃အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ကမ္ဘာ့အမွေအနှစ်နှင့် **အမျိုးသားအဆင့်** ယဉ်ကျေးမှုအမွေ အနှစ်ဒေသ အတွင်းရှိ မြို့ပြ၊ ကျေးရွာများတွင် အောက်ပါကိစ္စရပ်များကို ဆောင်ရွက် ခြင်း၊ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း-

(တ) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏စံနှုန်းများ၊ မူဝါဒစည်းကမ်းချက်များအား မိမိတို့နယ်မြေဒေသ၊ ယဉ်ကျေးမှုနှင့်အညီ ဆောင်ရွက်ခြင်း၊

(ထ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၄ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက် ပါသည်။

( ဒ) အပိုဒ် ၁၅ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ် ဒေသ အတွင်း ဆောင်ရွက်လိုသည့် အောက်ပါကိစ္စရပ်များကို ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း-

( ဓ) အခန်း(၈) အပိုဒ် ၁၈ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် တည်ဆဲဥပဒေ များပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များ အပေါ်

ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန်ကမ္ဘာ့အမွေအနှစ် ဒေသ သို့မဟုတ် အမျိုးသားအဆင့်ယဉ်ကျေးမှု ဒေသအတွင်းဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲမှု ကော်မတီသို့လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ် ဒေသ သို့မဟုတ် အမျိုးသားအဆင့် ယဉ်ကျေးမှုဒေသမှအပ ကျန်ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ဖြစ်ပါက ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့လည်းကောင်း သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်-

( န) အပိုဒ် ၁၈ အပိုဒ်ခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင်-

(၁) လယ်မြေ၊ ယာမြေများပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင် မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(၂) မူလမြေမျက်နှာသွင်ပြင်ကို ပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်း များကို ဆောင်ရွက်ခြင်း -

(ကက) ရွှေကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက်များ စုပုံစွန့်ပစ်ခြင်း၊ ရေဆိုးထုတ်ခြင်း၊

(ခခ) သဘာဝကုန်းက မူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူးခြင်းနှင့် ရေစီးရေလာပိတ်ဆို့ တားဆီးခြင်း၊

(ဂဂ) ကန်၊ ချောင်း၊ ဆည်မြောင်း၊ တာတမံ၊ လှိုု ချိုင့်များ မြေဖို့ခြင်း။

(၃) လက်ရှိပေါက်ရောက်နေသည့် ဒေသမျိုးရင်း သဘာဝသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ခင်တန်းများကို ဖျက်ဆီးခြင်း၊ ဒေသမျိုးရင်းမဟုတ်သော မျိုးစိတ်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(၄) ဝင်းခြံတစ်ခုခုအတွင်း ကျရောက်နေသည့် ရှေးဟောင်းအဆောက် အအုံများ၊ နေရာများ၏မြင်ကွင်းကို တမင်ဖုံးကွယ်ခြင်း၊ အလွယ်တကူ ဝင်ရောက်သွားလာကြည့်ရှုမရအောင် ပိတ်ဆို့တားဆီးခြင်း၊ ခြံခတ်ကာရံ ခြင်း။

( ပ) အပိုဒ် ၁၉ အပိုဒ်ခွဲ(က) ခြေဆင်းကို ပုဒ်မ ၁၈ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍- ဟု ပြင်ဆင်ပါသည်။

( ဖ) အပိုဒ် ၂၁ အပိုဒ်ခွဲ(က) ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းတွင် အောက်ပါလုပ်ငန်းတစ်ရပ်ရပ် ကို ဆောင်ရွက်လိုသူသည် ယဉ်ကျေးမှု အမွေအနှစ်များအပေါ် ထိခိုက်မှု မရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ်

အမျိုးသားအဆင့်ယဉ်ကျေးမှု ဒေသအတွင်းဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲမှုကော်မတီသို့လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသ သို့မဟုတ် အမျိုးသားအဆင့် ယဉ်ကျေးမှုဒေသမှအပ ကျန်ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းဖြစ်ပါက ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရ မည်-

( ဗ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အခန်း(၉) အပိုဒ် ၃၃ ကို ပယ်ဖျက်ပါ သည်။

(ဘ) အခန်း(၁၀) အပိုဒ် ၃၆ ကို အပိုဒ် ၃၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မည်သူမဆို ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၃၃ သို့မဟုတ် ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဆိုသည့်စကားရပ်ကို မည်သူမဆို ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၃၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဟု ပြင်ဆင်ပါသည်။

( မ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အခန်း(၁၁) အပိုဒ် ၄၁ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ပါသည်။

(ယ) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ဂ)အဖြစ် စီမံခန့်ခွဲမှုကော်မတီမှ ကောက်ခံရရှိသည့် ဒဏ်ကြေးငွေများ ဟု ပြင်ဆင်ပါသည်။

( ရ) အပိုဒ် ၄၃ ခြေဆင်းကို အပိုဒ် ၄၂ ခြေဆင်းအဖြစ် ပုဒ်မ ၄၁ အရ ဖွဲ့စည်းသည့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည်- ဟု ပြင်ဆင်ပါသည်။

(လ) အခန်း(၁၂) အပိုဒ် ၄၆ ခြေဆင်းကို အပိုဒ် ၄၅ ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့သည် ကြိုတင်ခွင့်ပြုချက်ပါ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင်လည်းကောင်း၊ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများက ထုတ်ပြန်သောစည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

( ဝ) အပိုဒ် ၄၅ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဂ) ကြိုတင်ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း။

(သ) အပိုဒ် ၄၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၆ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ပုဒ်မ ၄၆ အရချမှတ်သော ဆိုသည့်စကားရပ်ကို ပုဒ်မ ၄၅ အရ ချမှတ်သော ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဟ) အပိုဒ် ၄၈ ကို အပိုဒ် ၄၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၇။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ဝန်ကြီးဌာနက ကျခံရမည်။

( ဠ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၅၀ ကို ပယ်ဖျက်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၄-၂-၂၀၁၉ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို အမျိုးသားလွှတ်တော် သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၁၇-၁၂-၂၀၁၈ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဆွေးနွေးလိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၉-၁၂-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်သုံးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်(၂)ချက်ကို သဘောတူသင့်ကြောင်းနှင့်(၇)

ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၂ ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်ဖြစ်တဲ့ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင်က ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်များကို လွှတ်တော်သို့ လေးစားစွာ တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းလာတဲ့ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ဖြစ်တဲ့ ၁၂-၉-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များနှင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၌ ၃၀-၁၁-၂၀၁၈ ရက်နေ့၌ ကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ဖြစ်တဲ့ ၁၇-၁၂-၂၀၁၈ ရက် တနင်္လာနေ့မှာ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးတော့ ပြင်ဆင်ချက်အဆိုအပေါ် တင်သွင်းဆွေးနွေးလိုသူများကို ၁၉-၁၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့

(က) ဦးမြင့်ဦး မကွေးမဲဆန္ဒနယ်၊

(ခ) ဦးထွန်းထွန်း ပွင့်ဖြူမဲဆန္ဒနယ်၊

(ဂ) ဦးဝင်းဝင်း မင်းဘူးမဲဆန္ဒနယ်က ဆွေးနွေးရန်အဆိုများ တင်သွင်းလာပါတယ်ရှင်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ဆွေးနွေးရန်အဆို တင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၃-၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များအနက်မှ အချက်(၂)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။

**မူကြမ်း**

ဒီသဘောတူလက်ခံခဲ့တဲ့ အချက်နှင့်ပတ်သက်ပြီးတော့ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဝေငှထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်ရ၏ ပြင်ဆင်အတည်ပြုချက်(၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ | ၃ | အပိုဒ် ၂ အပိုဒ်ခွဲ(ဠ) |
| (ခ) | ၅ | ၈ | အပိုဒ် ၂၂ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်(၂)ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် (၂)ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သဘောတူကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၂)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက်(၂)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက်(၇)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူပဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူညီတဲ့အချက်(၇)ချက်ရှိပါတယ်။ ဒီအချက်(၇)ချက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်ရှင်။

[ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိမယ့် အချက်(၇)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | အပိုဒ် ၂ အပိုဒ်ခွဲ(က) |
| (ခ) | ၁ မှ ၂ | ၂ | အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) |
| (ဂ) | ၃ | ၄ | အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)ကို ပယ်ဖျက်ခြင်း |
| (ဃ) | ၃ | ၅ | အပိုဒ် ၄ အပိုဒ်ခွဲ(က) |
| (င) | ၄ | ၆ | အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း |
| (စ) | ၄ | ၇ | အပိုဒ် ၁၅ အပိုဒ်ခွဲ(က) |
| (ဆ) | ၅ | ၉ | အပိုဒ် ၂၅ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်းထားရှိမယ့် အချက်(၇)ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူညီထားတဲ့ အချက်(၇)ချက်အား ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သဘောတူကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၇)ချက်ကို သဘောမတူပဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၇)ချက်ကို သဘောမတူပဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် မူကြမ်း**

# ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၇)ချက်ကို သဘောမတူပဲ ပြည်သူ့လွှတ်တော်၏ ယခင် အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့ အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနဲ့စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာခြင်းအပေါ် သဘောကွဲလွဲသည့်အချက်(၇)ချက်ကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်း သွားမှာဖြစ်ပါတယ်။ အဆိုပါအကြောင်းအရာကိစ္စနဲ့စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ဖြစ်သည့် ၁၂-၉-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ၃၀-၁၁-၂၀၁၈ ရက်နေ့၌ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှ ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူပဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၇)ချက်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့်အတွက် ကန့်လန့်ဖြတ်ဇယားဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ထိုသို့သဘောထားကွဲလွဲသည့် အချက်(၇)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အချက်(၇)ချက်နဲ့ စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့်

မူကြမ်း

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ (၃၁.၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Soe Aung　　Daw Aye Aye Mu




U Soe Aung　　U Kyaw Soe




Maj Gen Than Htut　　U One Hla




Maj Genl Than Htut　　U Ar Moe Si




Maj Gen Than Htut　　U Khon Than Htoo




Maj Genl Than Htut　　U Lar Mar Lay

pyithu.hluttaw.mm



Maj Genl Than Htut



U Nay Linn Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်